ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (25-2-2008) (၅၆၀၄)

တပေါစ တော် မင်္ဂလ မုတ္တမံ

ပြိုးခြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ် ဆာဘား အယ် အာမက် အယ်ဂျာဘား အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ် နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ရွှေလီ–မန်စံ–ရွှေစာရံ (၂၃၀)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်း သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီခွဲတွင် လားရှိုးမြို့ ရွှေလီရတနာခန်းမ၌ ရွှေလီ–မန်စံ–ရွှေစာရံ (၂၃၀) ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ရေး စီမံကိန်းမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) စီမံကိန်း မန်နေဂျာ ဦးအောင်ကျော်ဦးက ရွှေလီ–မန်စံ–ရွှေစာရံ (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များကိုဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာမိုးညဲမြို့နယ်ရှိ ဂူလုံလက်ဖက်ခြောက်နှင့် အချိုခြောက် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြံသုတေသနမျိုးပွားခြံနှင့် သီးညှပ်နေကြာစိုက်ခင်းများ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၇နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် သပြေလုကျေးရွာရှိ ကြံသုတေသနမျိုးပွားခြံသို့ ရောက်ရှိရာ ရှေးဦးစွာ ကြံသီးနှံလုပ်ငန်းဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစံသိန်းက ကြံသုတေသနမျိုးပွားခြံ၏ လက်ရှိဆောင်ရွက်နေသော သုတေသနစမ်းသပ်စိုက်ပျိုးမှုများနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ကြံသုတေသနမျိုးပွားခြံတာဝန်ခံ ဒေါ်ညိုညိုအောင်နှင့် တာဝန်ရှိသူများက မျိုးပွားခြံအတွင်း သိပ္ပံနည်းကျ စနစ်တကျ ကြံမျိုးပွားထားမှုနှင့် ကြံပင်တစ်သျှူးများမွေးမြူထားရှိမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ကြံမျိုးပြခန်း၌ ပြသထားသော မျိုးစပ်ကြံများ၊ အထွက်ကောင်း ပြည်ပကြံမျိုးများနှင့် သုတေသနဓာတ်ခွဲခန်းအတွင်း၌ ကြံပင်အား သကြားချက်လုပ်မှုလုပ်ငန်းစဉ်နှင့် သကာရည်၊ တင်လဲရည်ထုတ်လုပ်ဓာတ်ခွဲမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အထွေထွေမန်နေဂျာ ဦးစံသိန်းက ကြံပင်နှင့်မြက်ပင် ရေစုပ်ယူမှုနှင့်ရေငွေ့ပျံနှုန်းကို တိုင်းတာသော လိုင်စီမီတာကိရိယာ အသုံးပြုပုံကို ရှင်းလင်းတင်ပြပြီး မျိုးပွားခြံအတွင်း လက်တွေ့စမ်းသပ်စိုက်ပျိုးထားသည့် ကြံခြောက်ဧကကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၂-၂၀၀၈
(တနင်္လာနေ့)

သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် လျင်မြန်စွာ တိုးတက်လျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးက အဓိကစီးပွားရေးအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသသည်လည်း ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်ကြသည့် အဓိကခရီးစဉ်ဒေသဖြစ်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံနှင့် အနုပညာလက်ရာများစွာကို တွေ့နိုင်သည်။ ထို့အပြင် သဘာဝတောတောင်ရေမြေ ရှုခင်းမြင်ကွင်းအဖုံဖုံ၊ ဆီးနှင်းခဲသော တောင်တန်း၊ ပင်လယ်ကမ်းခြေ အလှအပအစုံစုံတို့ကို ရှုမြင်ခံစားနိုင်သည်။

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံ၏မြောက်ဘက်ပိုင်းရှိ ပူတာအိုဒေသသည် အရှေ့တောင်အာရှဒေသတွင် မြန်မာတစ်နိုင်ငံတည်း၌သာရှိသည့် ရေခဲဖုံးတောင်တန်းများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝရှုခင်းကောင်းသည့် ရေမြေအနေအထားမျိုးရှိသည်။

ဖုန်ကန်တောင်ဒေသသည် အခြားသော ရေခဲတောင်များထက် ခရီးစဉ်ရက်တိုတောင်းခြင်း၊ ယခင်လမ်းဟောင်းရှိခြင်း၊ အနီးဆုံးရွာနှင့် တောင်ထိပ်ဝေးကွာမှုမရှိခြင်းတို့ကြောင့် သဘာဝအခြေခံခရီးသွားခြင်းကို နှစ်သက်သူ ခရီးသည်အများအပြား လာရောက်ကြောင်း သိရသည်။

ပူတာအိုဒေသသည် ရေခဲဖုံးသော တောင်တန်းများကြောင့် ကမ္ဘာလှည့်ခရီးသွားများအကြား ရေပန်းစားလျက်ရှိရာ နှင်းလျှောစီးစခန်း အပါအဝင် နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်း တည်ဆောက်ခြင်း၊ ရေခဲတောင်နှင့် အနီးဆုံးနေရာအထိ ကားလမ်းများ ဖောက်လုပ်ခြင်းတို့ဖြင့် ခရီးသွားများ ပိုမိုလာရောက်ရေး ဆွဲဆောင်မှု ပေးနိုင်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ကမ္ဘာလှည့်ခရီးသည်များ စိတ်ချမ်းမြေ့စွာအလွယ်တကူဆက်သွယ်သွားလာ တည်းခိုနိုင်ရေးအတွက် ဟိုတယ်များ၊ ခရီးသွားဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့်ပြည့်စုံစေရေး ဝိုင်းဝန်းကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်း ကျောင်းတိုက်ကြီးအတွင်း ဆောက်လုပ်လျက်ရှိသော ဇေယျာသုခမင်္ဂလာဗိမာန်နှစ်ထပ်ကျောင်းတော်ကြီးအတွက် ဦးအောင်ခင်အားရည်စူး၍ ဇနီး ဒေါ်ခင်ခင်ကြီးမိသားစု ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း ရန်ကုန်မြို့တို့က မြို့ဦးစက်ပစ်ကွင်း ကျောင်းတိုက်ကြီး၏ ပဓာနနာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇထံ ဘာဂျာတံခါး တစ်ပေါက်စာအတွက် အလှူငွေကျပ် ၁၈၅၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း အင်းစိန်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် အင်းစိန်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး ခန်းမသို့ ရောက်ရှိသည်။

အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နော်သန္တာဆွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်တို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်နိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဂျပန်လမ်းနှင့် အောင်ဆန်းရပ်ကွက် မဟာမြိုင်ကျောင်းလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေး ပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်များအသုံးပြု၍ နေရာလပ်မရှိ ကွက်ဖြည့်ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့နယ်စည်းရုံးရေးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၇) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်အတွင်းရေးမှူး ဦးမြင့်လွင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ (၅၄၆)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရိတနာခမ္မာရုံ၊ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ မိခင်ဒေါ်ငွေရင်နှင့်ခင်ပွန်း ဒုတိယ ဗိုလ်မှူးကြီးစံခင်(ငြိမ်း)တို့အား ရည်စူး၍ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ကြည်ကြည်သော် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးမြင့်ဆွေ လက်ခံယူစဉ်။ (က-ပ)

Tourist Maps of Myanmar(TMM-20)နှင့် The Map of Bagan (MOB-11)အခမဲ့စတင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Design Printing Services Co.,Ltd. (D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှ စတင်ပြီးထုတ်ဝေလျက်ရှိရာ ယခုအထိစောင်ရေ ၁၃၉၀၀၀၀ စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။ ယခုပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar (TMM-20) နှင့် The Map of Bagan(MOB-11) တို့ကို စောင်ရေ လေးသောင်း အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။

Tourist Maps of Myanmar (TMM-20)တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ မြောက်ဦး၊ တောင်ကြီး၊ အင်းလေး၊ ကျိုက်ထီးရိုး၊ မြိတ်၊ ပလို၊ ငွေဆောင်နှင့် ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။

The Map of Bagan(MOB-11)တွင် ပုဂံမြို့သစ်၊ မြို့ဟောင်း၊ ပုပ္ပား၊ ညောင်ဦးနှင့် ပုဂံဘုရားများ၏ တည်နေရာတို့ကို မွမ်းမံထည့်သွင်းထားသည်။ လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၏ တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသဖြင့် နိုင်ငံခြား ခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် စိတ်ဝင်စားဖွယ်နေရာများကို အချိန်ကုန် သက်သာစွာဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

ယခုဖြန့်ချိသော Tourist Maps of Myanmar (TMM-20)၊ The Map of Bagan(MOB-11) နှင့် အခြားမြန်မာ့ခရီးသွား လမ်းညွှန်မြေပုံများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးလျက်ရှိပြီး အထူးသဖြင့် မတ် ၅ ရက်မှ ၉ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် (ITB Berlin-2008) တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင် မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)၌ လည်းကောင်း၊ Design Printing Services Co.,Ltd. (D.P.S) ၌ လည်းကောင်း မတ် ၁၅ ရက်မှစ၍ ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဆက်သွယ်ထုတ်ယူနိုင်သည့် လိပ်စာမှာ-အမှတ်(၁၆၅-၁၆၇)၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel: (95-1) 204020, 204200, 570127 Tel/Fax:(95-1)245 230 တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလှူရှင် ဦးကြည်စိုး-ဒေါ်ခင်အေးဝင်း မိသားစုက လှူဒါန်းသော အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ဗဟိုမြောင်းကူးတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသီလှနှင့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ပညာရေး)

✧ ရွှေဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်အရ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာမိုးညဲမြို့သို့ရောက်ရှိပြီး မြို့နယ်တိုင်းရင်းသား ယဉ်ကျေးမှုခန်းမ၌ တိုင်းရင်းသားအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသနှင့်ကိုက်ညီသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားပြီး လက်ဆောင်ပစ္စည်းများကို တာမိုးညဲမြို့နယ်မှ တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင်နှင့် ကျောင်းအုပ်ဆရာကြီးတို့ထံ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာမိုးညဲမြို့နယ် တိုင်းရင်းသားအဖွဲ့၏ ဘိန်းအစားထိုး ဂူလုံလက်ဖက်ခြောက်နှင့် အချိုခြောက်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်းရှိ လက်ဖက်အစိုလျှော့စက်၊ လက်ဖက်လှော်စက်၊ လက်ဖက်ရွက် လိပ်စက်နှင့် အလိုအလျောက် လက်ဖက်အခြောက်ခံစက်တို့၏ စက်များလည်ပတ်မှုအခြေအနေနှင့် လက်ဖက်လေဟာ ထုပ်ပိုးစင်တို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမြင့်လွင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာမိုးညဲမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး လက်ဆောင်ပစ္စည်းများကို စစ်သည် မိသားစုဝင်များထံ ပေးအပ်သည်။ (သတင်းစဉ်)

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ရှိ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၅ နာရီတွင် ဆွမ်းတော်ကြီး ကပ်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဖေဖော်ဝါရီ ၂၇ရက်မှ ၂၉ရက်အထိ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၅ နာရီတွင် ဘုရားပွဲတော်ဖွင့်ပွဲကျင်းပ၍ မတ် ၆ ရက်အထိ ဇာတ်သဘင်အဖွဲ့များဖြင့် ဖျော်ဖြေပြီး မတ် ၆ ရက် ညနေ ၄ နာရီတွင် ပင့်သံဃာအပါး ၂၀၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ စာရေးတံမဲဖောက် လှူဒါန်းမည်ဖြစ်သည်။ ထို့ပြင် ရင်ပြင်တော်ပေါ်ရှိ ရေးဟောင်းသာသနိက အဆောက်အအုံများပြင်ဆင်မွမ်းမံခြင်းနှင့် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ခြင်းအတွက် လှူဒါန်းနိုင်ကြောင်းနှင့် စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းအတွက် ကိုးလက်မပတ်လည် ရွှေပြားတစ်ချပ်လျှင် ငွေကျပ် ၁၅၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း၊ ပွဲတော်ကာလ ဆွမ်း၊ ကွမ်း လှူဒါန်းလိုသူ အလှူရှင်များသည် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်းသိရသည်။ (ကြေးမုံ)

မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီး သမိုင်းဝင် မဟာမကုဋ္ဌရံသီဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ်ကြီး **(အပေါ်ပုံ)**၏ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ(မတ် ၇ရက်မှ ၂၁ရက်အထိ)ကျင်းပမည်ဖြစ်သည်။

ဆံတော်ရှင် မြတ်မော်တင် စေတီတော်ကို မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိကညီနောင်တို့ ပင့်ဆောင်လာခဲ့ပြီး ဆံတော်နှစ်ဆူကို ဇေယျသေန နဂါးမင်းကပင့်ဆောင်၍ လူနတ်ဗြဟ္မာ သတ္တဝါတို့အား အကျိုးများစေရန် မြသားရတနာတို့ဖြင့် စိုင်တမော့ အရွယ်ရှိ စေတီမြတ်ကို မော်တင်တောင်တော်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ ဆံတော်ရှင်မြတ်မော်တင် စွန်းဘုရားပွဲတော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၀၄၂-၂၅၂၇၇၊ ၂၄၂၄၂၊ ၂၁၁၄၅၊ ၂၅၁၇၇နှင့် ၂၄၉၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

❍ ကြံသုတေသနမှ

ထိုမှတစ်ဆင့် တိုင်းမှူးသည် နေပြည်တော်ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိ တောင်သူဦးပေသီး၏ မတ်ပဲ ၆ဒသမ ၉၃ ဧကတွင် အောင်မြင်ဖြစ်ထွန်းနေသော နေကြာ ၃ဒသမ ၄၆ဧက သီးညှပ်စိုက်ခင်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

အောင်မြင်နေ

ထို့နောက် တိုင်းမှူးသည် မွေးမြူရေးဦးစီးဌာနမှ ပြသထားသည့် နေကြာခင်းများအနီး မွေးမြူထားသော ပျားအုံများမှရရှိသည့် သဘာဝဆေးဖက်ဝင် ပျားရည်၊ ပျားဖယောင်း၊ ပျားကော်နှင့် ပျားဝတ်မှုန်များကို လည်းကောင်း၊ နေပြည်တော်လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာအုပ်စုနှင့် ပိတောက်ချောင်ကျေးရွာအုပ်စုများရှိ စိုက်ခင်းများအတွင်း နေကြာပင်များ သီးညှပ်စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ တောင်သူဦးပေသီး၏ မတ်ပဲ စိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော နေကြာသီးညှပ် စိုက်ခင်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၄-၂-၂၀၀၈

ဟားခါး	–	**(၀) ဒီဂရီ**	**စင်တီဂရိတ်**
နမ့်စန်၊ ဟဲဟိုးနှင့် လွိုင်လင်	–	**၃ ဒီဂရီ**	**စင်တီဂရိတ်စီ**
ပင်လောင်းနှင့် အမ်း	–	**၄ ဒီဂရီ**	**စင်တီဂရိတ်စီ**

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် မတ် ၁ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ စာရေးဆရာ စီးပွားရေးပညာရှင် ဆရာခင်မောင်ညို (ဘောဂဗေဒ)က ယုံကြည်မှုရှိဖို့လိုသလား (Is Trust Needed) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"အမေအိုရဲ့ဒုက္ခ"တရားတော် (ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၈:၀၀-၂:၀၀	Soccer Update
၈:၁၅-၂:၁၅	ဘဝရပ်ဝန်းထဲသို့ သပ်ရပ်စွာ သက်ဆင်းလာသော ဘာသာရပ်များ
၈:၅၀-၂:၅၀	ဗုဒ္ဓဒေသနာတော်ကို စနစ်သစ်ဖြင့် လေ့လာခြင်း (အပိုင်း-၁)
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	လေလွင့်ခြင်း၏ ရွှေရောင်ခြေလှမ်းသစ်
၉:၄၀-၃:၄၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဒေါက်တာမင်းတင်မွန်နှင့် တွေ့ဆုံခြင်း)
၁၀:၀၀-၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀	သေသပ်လှပ အနားနှစ်ဖက် ပတ်တီးစ
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (သွေးတိုးရောဂါအကြောင်းသိကောင်းစရာ) (ပါမောက္ခ ဒေါက်တာခင်မေစန်း)
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	ထူးမြတ်ပူဇော် ကြေးပိဋကတ်အလှူတော်
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ သွင်စုထွေးနှင့် တွေ့ဆုံခြင်း)
၁၂:၁၀-၆:၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အမည်မဖော်လိုသူအချစ်)
၁၂:၄၀-၆:၄၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၅၀-၆:၅၀	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း ပွဲစဉ်		ပြသမည့်လိုင်း
၂:၂၄	Man City - Everton	ESPN(Live)

ကာ့ဒ်သူပုန်အား တိုက်ခိုက်ရန် နယ်စပ်ဖြတ်ကျော်လျက် အီရတ်မြောက်ပိုင်းသို့ ဝင်ရောက်လာသော တူရကီတပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီတပ်ဖွဲ့များ အီရတ်မြောက်ပိုင်းတွင် ဆက်လက်တိုက်ခိုက်

အန်ကာရာ ဖေဖော်ဝါရီ ၂၃

တူရကီတပ်ဖွဲ့များသည် မတရားအသင်း ကြေညာထားသော ကာဒစ္စတန်အလုပ်သမားပါတီ (ပီကေကေ)ကို အီရတ်နိုင်ငံမြောက်ပိုင်းတွင် ထိုးစစ်ဆင်နွှဲလျက်ရှိကြောင်း ဆက်လက်၍လည်း တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီးချုပ် စီမဲစဲဆက်က သောကြာနေ့တွင် ပြောကြားသည်။

တူရကီအစိုးရအနေဖြင့် တပ်ဖွဲ့များ ရည်မှန်းချက်အောင်မြင်အောင် အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဟု ဆက်လက်ပြောကြားသည်။ စောစောပိုင်းက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသကဲ့သို့ အီရတ်နိုင်ငံမြောက်ပိုင်းတွင် ပုန်းခိုနေကြသော အကြမ်းဖက်အဖွဲ့အစည်း ပီကေကေကိုသာ ပစ်မှတ်ထားကာ စစ်ရေးဆင်နွှဲနေကြောင်း၊ ထိုအရပ်ဒေသ၌ နေထိုင်ကြသော အရပ်သားများနှင့်မည်သည့် ပြဿနာမှမရှိကြောင်း ၎င်းက ပြောကြားသည်။

ပီကေကေလက်နက်ကိုင်များသည် အီရတ်မြောက်ပိုင်းတွင် ပုန်းခိုနေထိုင်ကြပြီး ထိုဒေသမှာပင် စစ်သင်တန်းများ လေ့ကျင့်ကြသည်။ ထို့နောက် နယ်စပ်ကိုဖြတ်ကျော်ဝင်ရောက်လာပြီး တူရကီနိုင်ငံကို တိုက်ခိုက်ကြောင်း စဲဆက်က ဖော်ပြသည်။

တူရကီနိုင်ငံအတွင်းသာမက ဒေသတစ်ခုလုံးအတွင်း၌ပါ အကြမ်းဖက်အဖွဲ့အစည်းများ ပျောက်ကွယ်သွားသည်တိုင်အောင် တိုက်ပွဲဝင်သွားရန် အစိုးရဆုံးဖြတ်ချက်ချထားကြောင်း ၎င်းက ထပ်မံအတည်ပြုပြောဆိုသည်။

တူရကီတပ်ဖွဲ့များက ကြာသပတေးနေ့တွင် ပီကေကေပစ်မှတ်များကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သောကြာနေ့ စောစောပိုင်းက ကြေညာသွားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နှစ်နှစ်အတွင်း အပြင်းထန်ဆုံး နှင်းမုန်တိုင်း နယူးယောက်၌ တိုက်ခတ်

နယူးယောက် ဖေဖော်ဝါရီ ၂၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်တွင် နှစ်နှစ်တာ ကာလအတွင်း အပြင်းထန်ဆုံး နှင်းမုန်တိုင်း သောကြာနေ့က တိုက်ခတ်သွားသည်။ ဆီးနှင်းများ ခြောက်လက်မကျော် ကျရောက်သဖြင့် လမ်းများပိတ်ဆို့ကာ လေယာဉ်ခရီးစဉ်အချို့ ဖျက်သိမ်းခဲ့ရသည်။ အချို့မှာ နှောင့်နှေး ကြန့်ကြာခဲ့ရသည်။

၁၉၄၈ ခုနှစ်က ဆီးနှင်းကျမှု အများဆုံးမှတ်တမ်း ဖြစ်သော ၅ ဒသမ ၇ လက်မ (၁၄ ဒသမ ၄ စင်တီမီတာ)ကို သောကြာနေ့ နှင်းကျမှုက စံချိန်ချိုးလိုက်ပြီဖြစ်ကြောင်း ပြည်တွင်းရုပ်မြင်သံကြားလိုင်း တီဗီဝမ်းက ကြေညာသွားသည်။

မြို့တော်ဝန် မိုက်ကယ်လ်ဘလွန်းဘတ်က နယူးယောက် ပြည်သူများအနေဖြင့် တတ်နိုင်သမျှ အပြင်မထွက်ရန်၊ အကယ်၍ မဖြစ်မနေထွက်ရလျှင်လည်း သတိထားကြရန်၊ ခါးပတ်ပတ်ပြီး ကားကို ဖြည်းဖြည်းမောင်းကြရန် နှိုးဆော်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖိလစ်ပိုင်တွင် ရေဘေးဒုက္ခသည်များထံ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဖြူး

မနီလာ ဖေဖော်ဝါရီ ၂၃

ဖိလစ်ပိုင်နိုင်ငံတွင် လူ ၁၄ဦး သေဆုံးခဲ့ရသည့် ရေလွှမ်းမိုးမှုဖြစ်ပွားပြီး ရပ်ဝေးသို့ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများအား ဖိလစ်ပိုင်စစ်ဘက်တပ်ဖွဲ့ဝင်များက သွားရောက်ကာ စားနပ်ရိက္ခာ၊ ရေနှင့်အဝတ်အထည်များ ဖြန့်ဖြူးပေးကြသည်။

အရှေ့ပိုင်း ဆာမာဒေသတွင် မိုးဆက်တိုက် ရွာသွန်းခဲ့သဖြင့် ရေလျှံမှုဖြစ်ပွားပြီး လမ်းများရေမြုပ်ကာ တံတားများ ပျက်စီးပြီး ဝေးလံသည့် ကျေးလက်ပြည်နယ်များတွင် သွားလာရေး အခက်အခဲတွေ့နေလျက်ရှိသည်။

ရာသီဥတုကောင်းမွန်ပါက မိမိတို့က ရဟတ်ယာဉ်များသုံး၍ ကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ဝေမည်ဟု လေတပ်အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးပီဒရစ်တို ကာဒွန်ဂျော့က သတင်းထောက်များသို့ ပြောကြားသည်။ ရေများကျဆင်းစပြုပြီဖြစ်သော်လည်း လူ ၂၀၀၀၀၀ ခန့်သည် အရှေ့ဆမား၊ လေတီနှင့်အပ်ဘေပြည်နယ်များတွင် ရေဘေးဒုက္ခခံရဆဲဖြစ်နေကြသည်။ လူ ၁၄ ဦး ရေနစ်သေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယ၌ ဆော့ဖ်ဝဲကုမ္ပဏီဝန်ထမ်းသေဆုံးမှုအတွက် ကုမ္ပဏီအကြီးအကဲ စွဲချက်တင်ခံထားရ

နယူးဒေလီ ဖေဖော်ဝါရီ ၂၃

အိန္ဒိယနိုင်ငံ၌ အမျိုးသမီးအလုပ်သမားတစ်ဦး အလုပ်မှအပြန် သေဆုံးခဲ့မှုနှင့် ပတ်သက်၍ လုံလောက်သည့် လုံခြုံမှု ဖြည့်ဆည်းပေးခဲ့ခြင်း မရှိသဖြင့် အိန္ဒိယနိုင်ငံ ဆော့ဖ်ဝဲထုတ်လုပ်သည့် ကုမ္ပဏီအကြီးအကဲ စွဲချက်တင် ခံရမည်ဖြစ်ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။ တရားရုံးချုပ်က ယင်းအမှုအတွက် အယူခံကို ကြာသပတေးနေ့တွင် ပယ်ချခဲ့သည်။

ပရက်တီဘာ ဆရီကစ်မာသီသည် ဟယ်လက်-ပက်ကပ်ဂလိုဘယ်ဆော့ဖ်ကုမ္ပဏီမှ ဝန်ထမ်းဖြစ်ကာ ညတာဝန်အပြီး ကုမ္ပဏီမော်တော်ယာဉ် စီးကာ အိမ်သို့အပြန် ယာဉ်မောင်းက အဓမ္မပြုကျင့်ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလက သတ်ဖြတ်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဘရာဇီး၌ အမေဇုန်မြစ်အတွင်း ကူးတို့သင်္ဘောနစ်မြုပ်၊ ၁၄ ဦး သေဆုံး

ဆော်ပေါ်လို ဖေဖော်ဝါရီ ၂၃

ဘရာဇီးနိုင်ငံအမေဇုန်မြစ်အတွင်း ကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်ပွားရာ လူ ၁၄ ဦးထက်မနည်း သေဆုံးကြောင်း ဘရာစီးလီးယားမြို့တာဝန်ရှိသူက သောကြာနေ့တွင် ပြောကြားသည်။ ဖေဖော်ဝါရီ ၂၁ ရက်က အယ်လ်မီရင်တီမွန်တီရိုအမည်ရှိ နှစ်ထပ်ကူးတို့သင်္ဘောသည် လူ ၁၀၀ ကျော် တင်ဆောင်လာစဉ် အမာဇိုနားစ်ပြည်နယ် အီတာကိုတီရာမြို့အနီး အရောက်၌ လောင်စာဆီတင် သင်္ဘောနှင့် တိုက်မိ၍ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ပြည်နယ်ရိုကမ်းခြေစောင့် ရဲမော်တော်ဘုတ်များက လူ ၉၂ ဦးကို ကယ်တင်ခဲ့သည်။ ၎င်းသင်္ဘောနစ်မြုပ်မှုကြောင့် ကလေးရှစ်ဦး၊ အမျိုးသမီးလေးဦးနှင့် အမျိုးသားနှစ်ဦးတို့ သေဆုံးခဲ့သည်။ ***အင်တာနက်။***

ဘရာဇီးနိုင်ငံအမေဇုန်မြစ်အတွင်း ဖေဖော်ဝါရီ ၂၁ ရက်က အယ်လ်မီရင်တီမွန်တီရိုကူးတို့သင်္ဘော နစ်မြုပ်သည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုပင်လယ်ကွေ့အတွင်းသို့ ဖေဖော်ဝါရီ ၂၀ ရက်က ပျက်ကျခဲ့သည့် အမေရိကန် တိုက်လေယာဉ်အက်ဖ်-၁၅စီ လေယာဉ်အမျိုးအစား တစ်စင်း ပျံသန်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်း ဟွန်ဒိုင်းကုမ္ပဏီ တစ်သန်းမြောက်ကား ထုတ်လုပ်နိုင်ပြီ

ပေကျင်း ဖေဖော်ဝါရီ ၂၃

ပေကျင်း ဟွန်ဒိုင်းကုမ္ပဏီသည် စတင်သည်မှ ငါးနှစ်အကြာတွင် စီးရေ တစ်သန်းမြောက်ကားကို သောကြာနေ့က ထုတ်လုပ်ခဲ့သည်။

တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် ဖက်စပ်တည်ထောင်သော ပေကျင်းဟွန်ဒိုင်းသည် အရောင်းရည်မှန်းချက်ကားစီးရေ တစ်သန်းကို အမြန်ဆုံးထုတ်လုပ်နိုင်သော ကားကုမ္ပဏီဖြစ်သွားပြီဖြစ်သည်။

သို့သော် အောင်မြင်မှု အထိမ်းအမှတ် အခမ်းအနားကို အလုပ်သမားများအား တစ်နာရီခွဲမျှ စုဝေးစေလျက် ထည်ဝါမှုမပါ သာမန်သာ ကျင်းပခဲ့သည်။ အခမ်းအနားကြီးအတွက် ကုန်ကျမည့် ကုန်ကျစရိတ်များကို သဘာဝဘေးဒဏ်ခံရသော တရုတ်နိုင်ငံ တောင်ပိုင်းသို့ လှူဒါန်းမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ဒုတိယ အထွေထွေမန်နေဂျာ လီဟွန်လူက ပြောသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

အေသင်မြို့၌ ဘဏ်နှင့် မော်တော်ယာဉ်များအား တိုက်ခိုက်ရေးသမားများက မီးရှို့ဖျက်ဆီး

အေသင် ဖေဖော်ဝါရီ ၂၃

ဂရိနိုင်ငံ အေသင်မြို့တွင် အကြမ်းဖက်တိုက်ခိုက်ရေးသမားများက ဘဏ်ရုံးခွဲ၊ အာမခံရုံး တစ်ရုံးနှင့် မော်တော်ယာဉ်အများအပြားကို ကြာသပတေးနေ့ စောစောပိုင်းက စနစ်တကျ စီစဉ်တိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်ရေးသမားများသည် ဓာတ်ငွေ့ဘူးငယ်များနှင့် ဓာတ်ဆီများကို အိမ်လုပ်ပစ္စည်းများတွင်ထည့်သွင်းကာ ပါနီယပ်စ်ဒေသ ဆင်ခြေဖုံးရှိ ဘဏ်များ၊ အာမခံကုမ္ပဏီရုံး တစ်ရုံး၊ အစိုးရဌာနနှင့် လုံခြုံရေး ကုမ္ပဏီများပိုင်သည့် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ရန် သတ်မှတ်ချက်နှင့်ညီမညီ ထိုင်း၌စစ်ဆေးမည်

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံရွေးကောက်ပွဲ ကော်မရှင်သည် ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ရန် ဝန်ကြီးချုပ် ဆမတ်အနေဖြင့် သတ်မှတ်ချက်နှင့် ညီညွတ်မှုမရှိဟူသော တိုင်ကြားမှုကို စစ်ဆေးရန်အတွက် ဆပ်ကော်မတီတစ်ဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်ကြောင်း ပြည်တွင်းရေဒီယိုက စနေနေ့တွင် ကြေညာသွားသည်။

အထက်လွှတ်တော် အမတ်များကို လုပ်ငန်းမှထွက်ပြီးနောက် နှစ်နှစ်အတွင်း နိုင်ငံရေးနှင့်သက်ဆိုင်သော ရာထူးများကို မခန့်အပ်ရဟု ထိုင်းနိုင်ငံ အခြေခံဥပဒေက ပြဋ္ဌာန်းထားသည်။

ဆမတ်သည် အာဏာမသိမ်းမီ လပိုင်းအလို ၂၀၀၆ ခုနှစ်တွင် အထက်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရသည်။ အာဏာသိမ်းပြီးနောက် မကြာမီလွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ အထက်လွှတ်တော်အမတ်များသည် ထိုအချိန်ကတည်းက အရည်အချင်းမပြည့်မီတော့ပေ။

သို့သော် ဆမတ်သည် အထက်လွှတ်တော်ရာထူးမှထွက်ပြီး ၁၆လအကြာ ၂၅ယောက်မြောက် ဝန်ကြီးချုပ်အဖြစ် အရွေးခံခဲ့ရသည်။

ထို့ကြောင့် ဆမတ်သည် ဝန်ကြီးချုပ်ဖြစ်ရန် သတ်မှတ်ချက်နှင့်မညီဟု တိုင်ကြားကြောင်း အက်ဖ်အန်ရေဒီယိုက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အိပ်ချိန်နည်းသောကလေး ထိခိုက်ဒဏ်ရာပိုရ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၄

မူကြိုအရွယ်ကလေးများသည် လိုအပ်သော အိပ်ချိန်လုံလောက်အောင် မရရှိပါက ထိခိုက်ဒဏ်ရာ ပိုမိုခံစားရနိုင်သည်ဟု သုတေသနပညာရှင်များက ထုတ်ဖော်လိုက်သည်။

ဖေဖော်ဝါရီလထုတ်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစာအုပ်တွင် ဖော်ပြထားချက်အရ မူကြိုကျောင်းနေစဉ်တွင် နေ့စဉ်လုံလောက်သောအိပ်စက်နားနေချိန် ပြည့်ပြည့်ဝဝမရသော ကလေးများသည် ထိခိုက်ဒဏ်ရာရရှိမှု ပျမ်းမျှအားဖြင့် နှစ်ဆရှိသည်။

ရိုချက်စတာစကူးအော့ဖ် နပ်စင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် မိခင် ၃၀၀ခန့်နှင့် ၎င်းတို့၏ မူကြိုအရွယ်ကလေးများထံမှ အချက်အလက်များကို နှစ်နှစ်နှင့်ခြောက်လကြာ စုဆောင်းလေ့လာခဲ့သည်။

ကလေးများ၏ အိပ်စက်ချိန်နှင့် ဒဏ်ရာရရှိခြင်းတို့သည် တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်နေကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ကလေးများသည် လုံလောက်သောအိပ်ချိန်ရလျှင် ထိခိုက်ဒဏ်ရာရရှိမှုနည်းသည်။

သုံးနှစ်မှ ခြောက်နှစ်အရွယ်ထိ ကလေးများသည် တစ်နေ့လျှင် ၁၁နာရီ သို့မဟုတ်၁၁နာရီထက်ကျော်၍ အိပ်ချိန်လိုအပ်ကြောင်း နေရှင်နယ်စလိဖောင်ဒေးရှင်းက ထောက်ခံသည်။

သုတေသနပညာရှင်များ၏ခေါင်းဆောင် ဒေါက်တာ ခရာစ်တီးနာကူလော့ဂလီယိုတီက ယခုတွေ့ရှိချက်သည် ကလေးများထိခိုက်ဒဏ်ရာရရှိမှုမှ ကြိုတင်ကာကွယ်ရေးအတွက် အရေးပါသောတွေ့ရှိချက်ဖြစ်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်၌ မူးယစ်ဆေးဝါးသယ်ဆောင်လာသူဖမ်းမိ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ သိမ်းဆည်း

ဟနွိုင်း ဖေဖော်ဝါရီ ၂၄

ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းမြို့ မြောက်ပိုင်း၌ လူတစ်ဦးထံမှ အလေးချိန်ကီလို ၂၀ နီးပါးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ နှင့် ၎င်းအိမ်နှင့် ကားအတွင်းမှ အမဲလိုက်သေနတ်လေးလက်ကို ဗီယက်နမ် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း သောကြာနေ့ထုတ် ပိုင်အိုးနီးယားသတင်းစာက ရေးသားဖော်ပြသည်။

ဖေဖော်ဝါရီ၂၀ရက်က ဖမ်းဆီးခဲ့သည့် မူးယစ်ဆေးဝါး သယ်ဆောင်လာသူ အသက် ၃၉ နှစ်အရွယ် လူတစ်ဦးသည် နိုင်ငံတကာ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းဂိုဏ်း၏ အဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးများကိုဝယ်ယူပြီး အခြားနိုင်ငံများမှတစ်ဆင့် ဗီယက်နမ်နိုင်ငံအတွင်းသို့မှောင်ခိုသွင်းကာ အဓိကမြို့ကြီးအချို့တွင် ရောင်းချကြသည်။

ဟိုင်ဖုန်းမြို့မှ ပြည်တွင်းမူးယစ်ကုန်သည်အချို့သည် မြို့တော်ဟနွိုင်းနှင့် ဟိုချီမင်းမြို့ တောင်ပိုင်းဒေသရှိ ညကလပ်များနှင့် အရက်ခန်းအချို့တွင် စိတ်ကြွဆေးပြားများကို မကြာခဏ ရောင်းချကြသည်။

ဗီယက်နမ်နိုင်ငံ မူးယစ်ဆေးဝါး ဥပဒေအရ ဘိန်းဖြူ ဂရမ် ၆၀၀ နှင့်အထက် သယ်ဆောင်ခြင်း၊ ရောင်းချခြင်း မည်သူမဆိုလက်ဝယ်တွေ့ရှိပါက သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဖြစ်စေ ပြစ်ဒဏ်ချနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါလီမန်အသစ်နှင့် လက်တွဲရန် အသင့်ရှိကြောင်းမူရှာရက်ဖ်ပြောကြား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၄

ပါကစ္စတန်နိုင်ငံသမ္မတ ပါဗက်မူရှာရက်ဖ်သည် အကြမ်းဖက်လုပ်ရပ်များကို တိုက်ခိုက်သွားရန်နှင့် ကာလရှည်စီးပွားရေး တိုးတက်မှုရှိရန်အတွက် တည်ငြိမ်သော ဒီမိုကရေစီအစိုးရတည်ဆောက်ရေးကို ရွေးချယ်ခံရသော ပါလီမန်အသစ်နှင့် လက်တွဲဆောင်ရွက်သွားရန် အဆင်သင့်ရှိနေကြောင်း သောကြာနေ့ထုတ် ဝါရှင်တန်ပို့စ် ဆောင်းပါးတစ်ပုဒ်တွင် ရေးသားထားသည်။

အယ်လ်ခိုင်ဒါများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် အမေရိကန်နိုင်ငံ၏ မဟာမိတ် မိတ်ဆွေများတွင် မူရှာရက်ဖ်လည်း အပါအဝင်ဖြစ်သည်။ သို့သော်လည်း ၎င်း၏ပါတီသည် တနင်္လာနေ့ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၎င်းအား ဆန့်ကျင်နေသော ပါလီမန်နှင့်ရင်ဆိုင်နေရသည်။

ရွေးကောက်ပွဲတွင် အနိုင်ရထားသော ပီပီပီပါတီနှင့် ပီအမ်အယ်-အင်ပါတီတို့သည် ညွန့်ပေါင်းအစိုးရဖွဲ့စည်းပြီး မူရှာရက်ဖ်ကို ဖယ်ရှားရန် စီစဉ်ထားပုံရသည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် ဘီ-၂ စတိလ် ဗုံးကြဲလေယာဉ်ကို ဝေဟင်၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန် ဘီ-၂ ဗုံးကြဲလေယာဉ် ဂူအမ်၌ပျက်ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

ရေဒါဖမ်းရ ခက်သည်ဟုဆိုသော အမေရိကန်ဘီ-၂စတိလ်ဗုံးကြဲလေယာဉ် တစ်စင်းသည် ဂူအမ်ကျွန်းရှိ အင်ဒါဆန် လေတပ်အခြေစိုက်စခန်းမှ ပျံတက်ပြီးနောက် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူး နှစ်ဦးစလုံး လေယာဉ်ပေါ်မှ ခုန်ထွက်လွတ်မြောက်ခဲ့ကြောင်း အမေရိကန် လေတပ်က သောကြာနေ့ နှောင်းပိုင်းတွင် ပြောကြားသည်။

ဂူအမ်ကျွန်း လေတပ်စခန်းမှ လေယာဉ်ပျက်ရခြင်း အကြောင်းအရင်း အသေးစိတ်ကို ပြောကြားခြင်းမရှိကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အမေရိကန်ဒေါ်လာ ၁ဒသမ၂ဘီလီယံခန့် တန်ဖိုးရှိ ထိုလေယာဉ်သည် မစ်ဆူရီဒေသရှိ ဝှိုက်မန်း လေတပ်ဌာနချုပ်တွင် အခြေစိုက်သည်။၎င်းဘီ-၂ စတိလ်ဗုံးကြဲလေယာဉ်သည် ရေဒါအဖမ်းရခက်အောင် နည်းပညာဖြင့် ဖန်တီးထားပြီး လောင်စာဆီထပ်မဖြည့်ဘဲ ကီလိုမီတာ ၉၆၀၀ အကွာအဝေးကို ပျံသန်းနိုင်သည်။

ဘီ-၂ စတိလ် ဗုံးကြဲလေယာဉ်များကို အာဖဂန်နစ္စတန်၊ အီရတ်နှင့်ဆာဗီးယားနိုင်ငံစစ်ပွဲများ၌အသုံးပြုလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်အာဏာရပါတီဟောင်း အတိုက်အခံလုပ်မည်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၄

ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသော အာဏာရပါတီဟောင်း ပီအမ်အယ်ကျူသည် ပါလီမန်တွင် အတိုက်အခံပါတီအဖြစ် ဆောင်ရွက်သွားမည်ဟု စနေနေ့က ကြေညာသွားသည်။

ရွေးကောက်ပွဲတွင် မသမာမှုများရှိခဲ့သည်ဟု တိုင်ကြားခြင်းများရှိသော်လည်း ရွေးကောက်ပွဲအဖြေကို လက်ခံပါကြောင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် အပြုသဘောဆောင်သော နိုင်ငံရေးကို ဆောင်ရွက်မှာဖြစ်ကြောင်း ပီအမ်အယ်ကျူပါတီအကြီးအကဲ ချောက်ဒရီရှုဂျက်ဟူစိန်က ပါတီဗဟိုခေါင်းဆောင်များနှင့် အနိုင်ရသော ပါတီ၏အမတ်များ အစည်းအဝေးတွင်ပြောကြားသွားသည်။

ပီအမ်အယ်-ကျူပါတီသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ရခြင်းအကြောင်းရင်းကိုပြန်လည်သုံးသပ်ရန်နှင့် အနာဂတ်ကာလအတွက် အစီအစဉ်များ ရေးဆွဲရန်အတွက်အဆိုပါအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း အန်အန်အိုင် သတင်းဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းနိုင်ငံမှသက်ဆင်ကို နိုင်ငံကူးလက်မှတ်ပြန်လည်ထုတ်ပေး

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၂၀၀၆ ခုနှစ်စစ်တပ်က အာဏာသိမ်းပြီးနောက် ရုပ်သိမ်းခံထားရသော ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏သံတမန်နိုင်ငံကူးလက်မှတ်ကို စနေနေ့က ပြန်လည်ထုတ်ပေးလိုက်သည်။

ဗန်ကောက်ပို့စ်ဝက်ဆိုက်တွင် ဖော်ပြထားသောသတင်းအရ ယင်းနိုင်ငံကူးလက်မှတ်ကိုထုတ်ပေးကြောင်း နိုင်ငံခြားရေးဝန်ကြီးရုံး အကြီးအကဲတစ်ဦးက အတည်ပြုသည်။

သက်ဆင်၏အကြံပေးနှင့်အနီးကပ်လက်ထောက်ဟောင်းဖြစ်သူ နပါဒါလ်ပတ္တမာသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရပြီးနှစ်ပတ်မကြာမီ ထိုနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးကြောင်း ဝက်ဆိုက်သတင်းတွင် ဆက်လက်ဖော်ပြသည်။ ယခုကဲ့သို့နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းသည် သက်ဆင်ထိုင်းနိုင်ငံသို့ ပြန်လာရေးအတွက် လွယ်ကူသွားစေသည်ဟု ထင်မြင်ချက်ပေးကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂြိုဟ်တုပစ်ချခြင်းဆိုင်ရာအချက်အလက်များ တရုတ်က အမေရိကန်ကို တောင်းဆို

ပေကျင်း ဖေဖော်ဝါရီ ၂၄

အမေရိကန်နိုင်ငံသည် အာကာသထဲ၌ ပျက်စီးနေသောထောက်လှမ်းရေးဂြိုဟ်တုတစ်လုံးကို ဒုံးလက်နက်ဖြင့် ပစ်ချခဲ့ရာ ယင်းကိစ္စနှင့် သက်ဆိုင်သော အချက်အလက်များကိုပေးရန် တရုတ်နိုင်ငံက ကြာသပတေးနေ့တွင် တောင်းဆိုလိုက်သည်။

အမေရိကန်၏လုပ်ရပ်သည် အာကာသအတွင်းနှင့် သက်ဆိုင်သောနိုင်ငံများကို မည်ကဲ့သို့ထိခိုက်နိုင်သည်ကို အနီးကပ်လေ့လာလျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများကိုလိုက်နာရန်လည်းကောင်း၊ သက်ဆိုင်ရာ နိုင်ငံများသည် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန်အလို့ငှာလည်းကောင်း လိုအပ်သောသတင်းများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ပေးအပ်ရန် တရုတ်နိုင်ငံက မေတ္တာရပ်ခံထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် သုံးမရတော့သည့် ထောက်လှမ်းဂြိုဟ်တုတစ်လုံးကို ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် ရေတပ်သင်္ဘောတစ်စင်းပေါ်မှ ဒုံးကျည်ဖြင့်ပစ်ခတ်၍ ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းအတွင်းသို့ ပစ်ချခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

တူရကီတပ်ဖွဲ့များနယ်စပ်ကိုဖြတ်၍ အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်၊ကျူးဘား၊အီရန် ဆက်ဆံရေး အိုဘားမားနှင့် ဟီလာရီကလင်တန် သဘောထားကွဲလွဲ

ပေကျင်း ဖေဖော်ဝါရီ ၂၄

အမေရိကန်နိုင်ငံ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် အရွေးခံရရေးအတွက် အထက်လွှတ်တော်အမတ်နှစ်ဦးဖြစ်သော ဟီလာရီကလင်တန်နှင့် အိုဘားမားတို့သည် ပြည်နယ်များတွင် အပြင်းအထန်မဲဆွယ်စည်းရုံးလျက်ရှိသည်။

ယခုအချိန်ထိအိုဘားမားက ဟီလာရီကလင်တန်ကို ပြည်နယ်အကြိုရွေးကောက်ပွဲများတွင် ၁၁ပွဲအသာစီး ရနေသည်။ အိုဘားမားက ကိုယ်စားလှယ် ၁၃၅၃ မဲနှင့် ဟီလာရီကလင်တန်က ၁၂၆၄ မဲသာရရှိထားသည်။

ဟီလာရီကလင်တန်သည် မတ် ၄ရက်၌ ကျင်းပမည့် တက္ကဆက်ပြည်နယ် နှင့်အိုဟိုင်းယိုးပြည်နယ်အကြိုရွေးကောက်ပွဲများတွင် အနိုင်ရရန် ကြိုးစားရမည်ဖြစ်သည်။ အိုဘားမားက မတ် ၄ရက် မတိုင်မီ ကျူးဘားနှင့် အီရန်ခေါင်းဆောင်များအား ကြိုတင်စီစဉ်မှုမရှိဘဲ တွေ့ဆုံမည်ဟု ပြောကြားခြင်းကို ဟီလာရီကလင်တန်က ဝေဖန်တိုက်ခိုက်လိုက်သည်။

အိုဘားမားက အမေရိကန်သမ္မတတစ်ယောက်အနေဖြင့် ယင်းနှစ်နိုင်ငံနှင့် တွေ့ဆုံသင့်ကြောင်း တုံ့ပြန်ပြောကြားပြီးတွေ့ဆုံရန်အတွက် ကြိုတင်ပြင်ဆင်မှု လိုအပ်ကြောင်းကိုမူ ဝန်ခံသည်။

အိုဘားမားနှင့် ဟီလာရီကလင်တန်တို့နှစ်ဦးသည် ကျူးဘားနှင့်ဆက်ဆံရေးအပေါ် ရှုမြင်သုံးသပ်ပုံ မတူသကဲ့သို့ အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် အမေရိကန်ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုတို့အပေါ်၌လည်း ယူဆပုံခြားနားလျက်ရှိသည်။

အင်တာနက်။

ပထဝီဝင်၏ အကျိုးကွင်းဆက်များ

ခင်မာရှိန်(ပထဝီဝင်)

ပထဝီဝင်ဘာသာရပ်သည် လူသားတို့နှင့် အနီးစပ်ဆုံး ဘာသာရပ်ဖြစ်ပါသည်။ ပထဝီဝင်၏ အကြောင်းခြင်းရာ ဖော်ပြချက်များသည် လူသားဘဝများ၏ အကြောင်းခြင်းရာများပင် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏အကြောင်းကို လေ့လာမည်ဆိုလျှင် ယင်းဒေသ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မြေသားတို့ကို လေ့လာသိရှိပြီးပါက သဘာဝပေါက်ပင်၊ စိုက်ပျိုးပင်၊ တွင်းထွက်သတ္တု၊ နေထိုင်သောလူတို့၏ သဘာဝဓလေ့နှင့် ယဉ်ကျေးမှု၊ စီးပွားရေးအခြေအနေ၊ ဈေးကွက်အခြေအနေတို့ကို ကွင်းဆက်–ကွင်းဆက်– ဆက်သွယ်မှန်းဆနိုင်တော့မည် ဖြစ်ပါသည်။

ပထဝီဝင်၏ အကျိုးကွင်းဆက် ကလေးများကို အသုံးချ၍ လူသားအကျိုးပြုကိစ္စ အောင်မြင်မှုများကို တင်ပြလိုပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကမ်းခြေ ဒီရေရောက်တောများကို လောင်စာထင်းအဖြစ် ခုတ်ယူသုံးစွဲခဲ့ကြရာ ကမ်းခြေတစ်လျှောက်လုံး ပြောင်ရှင်းသွားသည်ဟုဆိုပါသည်။ ပင်လယ်ပြင်ဘက်မှ လေမုန်တိုင်း တိုက်ခတ်လာသောအခါ အတားအဆီးမဲ့စွာ ကြမ်းကြမ်းတမ်းတမ်း ဝင်ရောက်မွှေနှောက်လိုက်သဖြင့် ကမ်းခြေရွာများ ရွာလုံးကျွတ် ပြုတ်ပြုတ်ပြုန်းကြရကြောင်း၊ ကမ်းခြေတောများ ပြန်လည်ပြုစုပျိုးထောင် အောင်မြင်သည့်အချိန်ရောက်မှ မုန်တိုင်းဒဏ်က သက်သာရကြကြောင်း သိရပါသည်။

ဂိုဘီသဲကန္တာရသည် ကျယ်ပြန့်သည်နှင့်အမျှ မြို့နေလူထုကို အလွန်ဒုက္ခပေးပါသည်။ သဲကန္တာရကို ဖြတ်သန်းတိုက်ခတ်လာသောလေတွင် သဲများပါဝင်သဖြင့် မြို့ထဲတွင် သဲရှုပ်ရှုပ်နှင့်နေကြရသည်ဟု ဆိုပါသည်။ အနောက်ဘက်တစ်ခြမ်းလုံး အရှည်၁၀မိုင်ခန့်ကို သစ်တောများ စိုက်ပေးလိုက်သောအခါ လေတွင်ပါသော သဲများကို သစ်ပင်များက စစ်ယူလိုက်သဖြင့် မြို့နေလူထု သဲဖုန်ထူသောဒုက္ခမှ ကင်းလွတ်ခဲ့ကြရကြောင်း သိရပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းကို မိုးနည်းရေရှားရပ်ဝန်းဟု ငယ်စဉ်က ကျက်မှတ်ခဲ့ရပါသည်။ မြန်မာ့မြေပုံ၏ အလယ်ဗဟို ရင်ချိုင့်နေရာကလေးတွင် တစုသီးပုံလေး ဆွဲထည့်ပေးခဲ့ရပါသည်။ ယခုအခါ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန သီးခြားတည်ထောင်၍ အစဉ်တစိုက်ပြုစုစိုက်ပျိုးကြသဖြင့် မိုးနည်းရေရှားရပ်ဝန်းပင်လျှင် သဘာဝကို အန်တုနိုင်ခဲ့ပြီး စိမ်းလန်းအေးမြနေချေပြီ ဖြစ်ပါသည်။

ကြက်သွန်သည်လည်း ပြည်တွင်းဒေသ အတော်များများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ပြည်ပပို့ကုန်အဖြစ်ပင်လျှင် တင်ပို့နိုင်ခဲ့သည်။ ကန့်ဓာတ်မပါသော မြေဧရိယာရှာဖွေတွေ့ရှိလျှင်၊ သို့မဟုတ် မြေထဲမှ ကန့်ဓာတ်ကို တစ်နည်းနည်း ဖယ်ရှားနိုင်လျှင် မမွှန်သော၊ မန်သော၊ ဈေး နှစ်ဆရသော ထိုကြက်သွန်ကိုထုတ်လုပ်နိုင်ပေလိမ့် မည်။ မြန်မာ့ယာသမား၊ ကိုင်းသမားတို့ ချမ်းသာ ကြလိမ့်ဦးမည်ဟု ထပ်ဆင့်မျှော်မှန်းမိပြန်သည်။

ကမ္ဘာ့နိုင်ငံအများအပြား၏ လတ်တလော အခက်အခဲမှာ ရေနံပြဿနာ ဖြစ်ပါသည်။ ဆင်းရဲသည့်နိုင်ငံဖြစ်စေ၊ ချမ်းသာသည့် နိုင်ငံဖြစ်စေ ဓာတ်ဆီ၊ ဒီဇယ်ဆီကို အနည်းနှင့်အများ သုံးစွဲနေကြရပါသည်။ ရေနံထွက်သောနိုင်ငံများ ခေါင်းမော့ကြ၍ ရေနံဈေး မာလွန်းလှသည်။ ငွေပိုငွေလျှံရှိသော နိုင်ငံများက ရေနံကို ရသည့်ဈေးနှင့် ဝယ်သည်။ ရေနံဈေး လေးဆတက်သွားသည်။ ရေနံမထွက်သော ဆင်းရဲသည့်နိုင်ငံများ အကြီးအကျယ် ဒုက္ခရောက်ကြသည်။ သက်သာရာ သက်သာကြောင်း ဓာတ်ဆီထဲသို့ အရက်ပြန် ၁၀ ရာခိုင်နှုန်းရောပြီး မက်သနောထုတ်လုပ်သုံးစွဲကြသည်။ ထိုအခါ အရက်ပြန်ကို နည်းမျိုးစုံဖြင့်ထုတ်လုပ်ကြပြန်သည်။ ဘရာဇီးနိုင်ငံသည် သကြားမှ အရက်ပြန်ထုတ်သည်။ အမေရိကန်ပြည်ထောင်စုက ပြောင်းဖူးမှ အရက်ပြန်ထုတ်သည်။ ပြောင်းဖူးဈေးတက်ပြန်သည်။ တိရစ္ဆာန်အစားအစာ ဈေးတက်သောအခါ တိရစ္ဆာန်ထွက်ပစ္စည်းဖြစ်သော နို့၊ နို့ထွက်ပစ္စည်း၊ အသားတို့ ဈေးတက်ကြပြန်သည်။ တွင်းထွက်(ရေနံ)မှ ရိုက်ခတ်လာသော ဆိုးကျိုးသည် စိုက်ပျိုးရေးနယ်ပယ်၊ မွေးမြူရေးနယ်ပယ်တို့အပေါ် ဖြတ်ကျော်လျက် ကမ္ဘာ့စားသုံးမှု ဈေးကွက်အထိ ကွင်းဆက်ရိုက်ခတ်မှုများဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံအတော်များများ၊ လူမျိုးအတော်များများ ကြက်သွန်စားသုံးကြသည်။ ကြက်သွန်သည် အရသာကောင်းမွန်သော်လည်း အနံ့ဆိုးသည်။ မွှန်သည်။ ယင်းသို့မွှန်ခြင်း၊ နံခြင်းမှာ ကြက်သွန်တွင် ကန့်ဓာတ်ပါဝင်သောကြောင့် ဖြစ်သည်ဟုဆိုပါသည်။ တောင်အမေရိကတွင် မမွှန်သော၊ မန်သောကြက်သွန်ကိုစိုက်ပျိုးရောင်းချသည်။ ကန့်ဓာတ်မရှိသော မြေဧရိယာတွင် ရွေးချယ်စိုက်ပျိုးသဖြင့် မမွှန်ခြင်းဖြစ်ကြောင်းသိရပါသည်။ မမွှန်သောကြက်သွန်ကို ဈေးနှစ်ဆတင်ရောင်းသည်။ မြေကောသိန်းနှင့်သောင်းနှင့်ချီ၍ စိုက်ပျိုးရောင်းချသောအခါ ထိုယာသမား ချမ်းသာသွားတော့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရေနံမှော်အသစ်များ ထပ်မံတွေ့ရှိနေသည်။ ရေနံရော သဘာဝဓာတ်ငွေ့ပါ ကောင်းစွာထွက်နေပြီဖြစ်သည်။ အရက်ပြန်အတွက်လည်းမပူရပါ။ နိုင်ငံအလယ်ပိုင်း ထန်းတောညို့ညို့ကြီးတွေကို အားကိုးနိုင်သည်။ ထန်းလျက်မှ အရက်ပြန်ချက်လို့ရပါသည်။ ကောက်ညှင်းဆန်မှလည်းကောင်း၊ သကာရည်မှလည်းကောင်း အရက်ပြန်ချက်လို့ရပါသည်။ရေနံသဘာဝအရင်းအမြစ်နှင့် အထောက်အကူအရက်ပြန်တို့ကိုထုတ်လုပ်၍ ဖူဖူလုံလုံ သုံးစွဲနိုင်မည်ဖြစ်ကြောင်း မျှော်မှန်းမိပါသည်။

ထိုနည်းတူ ကြက်သွန်သည်လည်း ပြည်တွင်းဒေသအတော်များများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ပြည်ပပို့ကုန်အဖြစ်ပင်လျှင် တင်ပို့နိုင်ခဲ့သည်။ ကန့်ဓာတ်မပါသော မြေဧရိယာရှာဖွေတွေ့ရှိလျှင်၊ သို့မဟုတ် မြေထဲမှ ကန့်ဓာတ်ကို တစ်နည်းနည်းဖယ်ရှားနိုင်လျှင် မမွှန်သော၊ မန်သော၊ ဈေးနှစ်ဆရသော ထိုကြက်သွန်ကိုထုတ်လုပ်နိုင်ပေလိမ့်မည်။ မြန်မာ့ယာသမား၊ ကိုင်းသမားတို့ ချမ်းသာကြလိမ့်ဦးမည်ဟု ထပ်ဆင့်မျှော်မှန်းမိပြန်သည်။

ကြသောင်းဝါးကို အထပ်သားအဖြစ်ပြုပြင်၍ ဝါးအထပ်သားများ ထုတ်လုပ်နေပြီဆိုသောသတင်းကို သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရပါသည်။ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ ဝါးအထပ်သားများကို ကွန်ကရစ်ဖျော်ရည်များ ပုံဆောင်ခဲရာတွင် ကျောက်ပုန်းရိုက်သည့်ပုံးများအဖြစ်သုံးနိုင်ပြီး ၎င်း၏ခံနိုင်ရည်အားမှာငါးကြိမ်၊ခြောက်ကြိမ်ထက်မနည်း ပြန်လည်သုံးစွဲနိုင်ကြောင်းလည်း သိရပါသည်။ နိုင်ငံအတွင်း ဒေသအနှံ့အပြား ပေါက်ရောက်လျက်ရှိသော ဝါးတောကြီးများကို အကျိုးရှိရှိ အသုံးချနိုင်ပေတော့မည်။ သစ်ကိုလည်း ချွေတာရာရောက်ပေတော့မည်။

ပထဝီဝင်၏ အကျိုးကွင်းဆက်ကလေးများကို အသုံးချ၍ လူသားအကျိုးပြုကိစ္စများ အောင်မြင်နေပါသည်။ ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ မည်သည့် သဘာဝသယံဇာတအရင်းအမြစ်များကိုမဆို လူ့စွမ်းအားအရင်းအမြစ်များနှင့် စနစ်တကျပူးပေါင်း၍ အကျိုးကွင်းဆက်ကလေးများကို ရှာဖွေထုတ်ခြင်းဖြင့် နိုင်ငံအတွက် ရေရှည်အကျိုးရလဒ်များ ဖြစ်ထွန်းပေါ်ပေါက်စေကြောင်း တင်ပြအပ်ပါသည်။ ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်တွင် ဆောက်လုပ်လျက်ရှိသော နှစ်ထပ် သာသနာ့ဗိမာန်တော်ကြီး၌ လျှပ်စစ်မီးသွယ်တန်းရန်နှင့် အထွေထွေလုပ်ငန်းအတွက် ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ပရဆေးကုန်သည် အဖ ဦးဘိုးသုန်–အမိ ဒေါ်သီလှနှင့် အစ်ကိုကြီး ဦးလှသန်းတို့အားရည်စူး၍ စမ်းချောင်းမြို့နယ် ဝါးခယ်မလမ်းနေ သမီး ဒေါ်သန်းရင်၊ ဒေါ်ခင်သန်းတင်၊ ဒေါ်ညိုညိုမြင့်နှင့် မဆွေသီအောင်တို့က အလှူငွေကျပ် ၁၅သိန်း လှူဒါန်းရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမစာရကိုယ်စား တိုက်အုပ်ဆရာတော် ဦးသံဝရက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း ဓမ္မမာမက သာသနာ့ရိပ်သာ၌ သိန်းတစ်ထောင်ကျော် ကုန်ကျမည့် တည်ဆောက်ဆဲ ဆရာတော်စံကျောင်းအတွက် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့နေ ဒါယကာကြီး အန်ဖီရို–ဒါယိကာမကြီး ယွမ်ဆူကရောင် မိသားစုတို့က အလှူငွေကျပ် ၃၇၅၀၀၀၀ ကို ဓမ္မမာမက သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒက ရှေ့မှောက်တွင် လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ဝင် ဦးမြင့်အေး၊ ဒေါ်ဌေးကြွယ်တို့ လက်ခံယူစဉ်။ (က–ပ)

ပါဠိပါရဂူဆရာကြီး ဦးအောင်မိုးအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သစ္စာလမ်းနေ ဒေါ်ဝင်းကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရ နဝကမ္မပဒေသာပင် အလှူငွေကျပ် ၁၈၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က–ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် အမက(၂၁) ကျောင်းဝင်းအကာအရံ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုပွဲနှင့်၂၀၀၇–၂၀၀၈ပညာသင်နှစ် စာပေဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ သူငယ်တန်း၌ ပထမဆုရရှိသူ မောင်ဆန်းမျိုးလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ရှိန် ဆုချီးမြှင့်စဉ်။ (ပညာရေး)

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ဝိုင်းနှင့်အတူ စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၄ရက်က ဧရာဝတီရပ်ကွက် ရွှေဧရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမက ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်စိန်ထံ သုတ၊ရသ စာအုပ်မျိုးစုံ ၁၀၀ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

ပြည်ထဲရေးဝန်ကြီးဌာန ဦးစီးအရာရှိများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဦးစီးအရာရှိများ စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ ကျင်းပသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဦးစီးအရာရှိများ စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းဖွင့်ရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတကာရေးရာ အသိပညာများ၊ အုပ်ချုပ်ရေးဆိုင်ရာ အတွေးအမြင်များ စွမ်းရည်မြင့်မားစေရန်နှင့် ဆက်စပ်ဌာနများနှင့်စပ်လျဉ်း၍ သိရှိနားလည်စေရန်ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားလုံး သင်တန်း၌ ပိုမိုရင်းနှီးလာပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် တစ်ဌာနနှင့် တစ်ဌာန ပေါင်းစပ်ဆက်သွယ်ကာ အောင်မြင်အောင် ဆောင်ရွက်လာနိုင်စေရန် လေ့ကျင့်ပေးမည် ဖြစ်ကြောင်း၊ ယခုတက်ရောက်သည့် သင်တန်းကို အပတ်တကုတ် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသွားသည်။

အဆိုပါ သင်တန်းသို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၁၅ ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ၁၅ ဦး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ၁၀ ဦးနှင့် အကျဉ်းဦးစီးဌာနမှ ၁၀ ဦး စုစုပေါင်း ၅၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ဖြစ်သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါး ၂၀၁ မှုဖမ်းဆီးနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၁ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၇ မှု အလေးချိန် ၂၂၆ ဒသမ၃၄၃၈ကီလို၊ ဘိန်းဖြူ ၅၀ မှု အလေးချိန် ၂ဒသမ၃၉၂၃ကီလို၊ ဘိန်းညို တစ်မှု အလေးချိန် ကိုးကီလို၊ ဘိန်းဆီ ၁၇ မှု အလေးချိန် ၃ ဒသမ ၃၁၁၂ ကီလို၊ အဆင့်နိမ့် ဘိန်း ၁၆ မှု အလေးချိန် ၈၃၅ ဒသမ ၃၅၆၈ ကီလို၊ ဆေးခြောက် ၁၉ မှု အလေးချိန် ၁၈ ဒသမ၆၅၁၇ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ မှု ၉၂၂၅၈ပြား၊ ဘိန်းစာမှုန့် ၁၀ မှု အလေးချိန် ၂၇ဒသမ ၃၉၄၁ ကီလို၊ စိတ်ကြွဆေးမှုန့် တစ်မှု အလေးချိန် ၃ ဒသမ ၆ ကီလို၊ ဒိုင်ယာဇီပမ်ထိုးဆေး တစ်မှု နှစ်ပုလင်း၊ ဒိုင်ယာဇီပမ်ဆေးပြား တစ်မှု အပြား ၁၀၀၀၊ ဗိုလန်ဆေးပြား တစ်မှု အပြား ၂၃၊ ချောင်းဆိုးပျောက်ဆေးရည် ဒသမ ၀၁ လီတာ၊ ဓာတုဆေးရည် တစ်မှု ၁၀၅၁ လီတာ၊ ဓာတုဆေးမှုန့်ကီလို ၁၂၀ နှင့် အခြားအမှု ခုနစ်မှုတို့ ဖြစ်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် အမှုပေါင်း ၂၀၁ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၂၄၆ ဦး၊ အမျိုးသမီး ၅၆ ဦး စုစုပေါင်း တရားခံ ၃၀၂ ဦးတို့အား ဥပဒေအရအရေးယူခဲ့သည်။ (သတင်းစဉ်)

အမျိုးသမီးမီတာ(၁၀၀) အပြေးပြိုင်ပွဲ တာထွက်စဉ်။ (ကြေးမုံ)

အမျိုးသားတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ (၁၀၀) ၌ ဝေဖြိုးအောင်နှင့် လဲ့လဲ့ဝင်း ဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီမှစ၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ယနေ့ပွဲစဉ်များအဖြစ် ဗိုလ်လုပွဲ ၁၀ ပွဲ၊ လူရွေးပွဲလေးပွဲကျင်းပသည်။ အမျိုးသား မီတာ(၁၀၀)ပြိုင်ပွဲတွင် ဝေဖြိုးအောင်(မြို့တော်စည်ပင်)၊ မီတာ(၄၀၀) တန်းကျော်ပြိုင်ပွဲတွင် ဇော်လွင်ထူး (ပြည်ထဲရေး)၊ လုံတံပစ်ပြိုင်ပွဲတွင် ကျော်စွာမိုး(မြို့တော်စည်ပင်)၊ မီတာ (၅၀၀၀)ပြိုင်ပွဲတွင် စိုးမင်းသူ(စီးပွား/ကူးသန်း)၊ အမြင့်ခုန်ပြိုင်ပွဲတွင် ဝင်းမင်းထွန်း (ပို့ဆောင်ရေး)၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် အေးမွန်ခင်(လယ်/ဆည်)၊ မီတာ(၅၀၀၀)ပြိုင်ပွဲတွင် နီလာစန်း(စီးပွား/ကူးသန်း)၊ မီတာ(၄၀၀) တန်းကျော်ပြိုင်ပွဲတွင် မြင့်မြင့်အေး (ပြည်ထဲရေး)၊ မီတာ(၁၀၀)ပြိုင်ပွဲတွင် လဲ့လဲ့ဝင်း (စီးပွား/ကူးသန်း)တို့က အနိုင်ရဗိုလ်စွဲသွားကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ ၁နာရီခွဲတွင်ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ခွဲစိတ်ကုပညာအဖွဲ့ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ခွဲစိတ်ကုပညာအဖွဲ့က ကြီးမှူး၍ Surgical Emergency (II) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာစိတ်ပါဝင်စားသောဆရာဝန်များတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းစေရေး ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာအဝေးပြေးယာဉ် ရပ်နားစခန်း ကွပ်ကဲရေးရုံးခန်းမ၌ ဖေဖော်ဝါရီ ၁၈ရက်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးလျန်ကျင့်မန်က ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ ယာဉ်မောင်းရာတွင် ဆောင်ရန်ရှောင်ရန်များ၊ လမ်းစည်းကမ်း ယာဉ်စည်းကမ်းများ၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ကြံ့ခိုင်ရေးဆောင်ရွက်ရန်လိုအပ်ပုံ၊ ယာဉ်နောက်လိုက်များလိုက်နာရမည့် စည်းကမ်းများ၊ ခရီးသွားများအနေဖြင့် လုံခြုံချောမွေ့စွာ သွားနိုင်ရေးကိစ္စများကို ပညာပေးဟောပြောပြီး ယာဉ်ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ ယာဉ်စစ်တာဝန်ခံ ဦးတင်လက်က ရှင်းလင်းဟောပြောပြီး မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံးခွဲ တာဝန်ခံ ဒေါ်အေးအေးမော်က ခရီးသွားအာမခံလုပ်ငန်းအကြောင်းကို ဟောပြောကြသည်။

အခမ်းအနားအပြီးတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်စစ်ဆေးရေးတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးတင်လတ်နှင့် အဖွဲ့က အဝေးပြေး ခရီးသွားယာဉ်များ ကြံ့ခိုင်မှုရှိ၊မရှိကိုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု ထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဒုတိယအကြိမ်မြောက် ဝန်ထမ်းမိသားစု ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်တွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်အားပေးကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် အသင်းများအား ဆုများ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှိုင်မြို့နယ် ၁၆ ရပ်ကွက် ၅ လမ်းနေ ကွယ်လွန်သူ ဒေါ်သန်းသန်းအား ရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးစံဝင်းနှင့် သား၊ သမီးများက အလှူငွေ ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးအုန်းကြိုင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြောင်းမြလမ်းနေ ဦးစိန်ထွန်း ၇၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် ဒေါ်အုန်းကြည် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးသက်ဝေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းနေ ဓာတ်ပုံပညာရှင် ဦးမောင်မောင်တင်-ဒေါ်မြမြတို့၏ ၄၆ နှစ်မြောက် မင်္ဂလာရက်မြတ် အထိမ်းအမှတ်အဖြစ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြွန်တန်ဆာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ် (၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ရန်ကုန်မြို့ မဟာဝိဇယစေတီအနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ခမ္မာရုံ၌ကျင်းပရာ အသင်းနာယက သီရိသုဓမ္မသီဂိ ဒေါ်ရွှေသက်က ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်၊ တစ်နိုင်ငံလုံး၌ အဆင့်(၄)ရသူ မအဥ္ဇလီမိုးမိုးကျော်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ပင်လယ်လိပ်များ မျိုးသုဉ်း ပျောက်ကွယ်မသွားရေး နိုင်ငံအသီးသီးမှ လူသားအားလုံး ပါဝင်ဆောင်ရွက်ရန်လို

သတင်းဆောင်းပါး – ရဲဝင်းဆောင်
ဓာတ်ပုံ – ငါးလုပ်ငန်း

ပင်လယ်လိပ်များသည် သဘာဝဘေးအန္တရာယ်နှင့် လူသားတို့၏ ပယောဂကြောင့် စတင်ပေါက်ဖွားချိန်မှ အရွယ်ရောက်ချိန်အထိ ကောင်ရေ ၁၀၀၀ တွင် နှစ်ကောင်သာ ရှင်သန်နိုင်သည်ဟု ပညာရှင်များ၏ လေ့လာသုတေသနပြုချက်များအရ သိရသည်။

ယနေ့ကာလတွင်မူ ကမ္ဘာ့နိုင်ငံအချို့၌ ပင်လယ်လိပ်ကို ဈေးကွက်တစ်ခုအဖြစ် တင်နိုင်ရန်အတွက် ရည်ရွယ်ချက်ဖြင့် ဦးတည်ဖမ်းဆီးလာကြရာ ပင်လယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်မှာ ယခင်ထက် ပိုမို၍ စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် ယနေ့အချိန်တွင် ပင်လယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန်အတွက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ဝိုင်းဝန်း၍ ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ သဘောတူစာချွန်လွှာများတွင် လက်မှတ်များရေးထိုး ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်ခြင်း စသည်ဖြင့် ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လာကြသည်။

လူသားတို့၏ ပယောဂကြောင့် ပင်လယ်လိပ်များကို ဦးတည်ဖမ်းဆီးလာမှုများနှင့် ပတ်သက်၍ "ဟိုတုန်းကတော့ ပင်လယ်လိပ်တွေဟာ မတော်တဆ ဖမ်းဆီးခံရတာဖြစ်ပေမယ့် အခုအချိန်မှာတော့ ဦးတည်ပြီး အစုလိုက် အပြုံလိုက် ဖမ်းဆီးလာကြတာကို တွေ့ရတယ်။ ၂၀၀၇ ခုနှစ်ထဲမှာ အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံမှာ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့တွေက မသင်္ကာလို့ ဖမ်းဆီးစစ်ဆေးတဲ့အခါမှာ ငါးဖမ်းရေယာဉ်နဲ့ ပင်လယ်လိပ်ကောင်ရေ အမြောက်အမြား လိုက်ဖမ်းနေတာ တွေ့ရတယ်။ အဲဒီလိုကိစ္စမျိုး မြန်မာနိုင်ငံ ရေပိုင်နက်ထဲမှာ မဖြစ်ပွားအောင် ကျွန်တော်တို့အနေနဲ့ ကြိုတင်ထိန်းသိမ်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဧရာဝတီတိုင်း ပင်လယ်လိပ်မျိုးထိန်းသိမ်းရေး သုတေသနနှင့် ပညာပေးရေးစခန်း တာဝန်ခံ ဦးချိုလှအောင်က ပြောကြားသည်။

လူသားတို့၏ ပယောဂကြောင့် ပင်လယ်လိပ်များ သေဆုံးရသည့် အခြားအကြောင်းရင်းများမှာ ပင်လယ်လိပ်များ နေထိုင်ကျက်စားရာ ဒေသများတွင် ငါးဖမ်းဆီးခြင်းကြောင့် ငါးဖမ်းကိရိယာများတွင် ငြိတွယ်သေဆုံးခြင်း၊ ငါးဖမ်းရေယာဉ်များ၊ ရေလုပ်သားများ၏ စည်းကမ်းမဲ့စွန့်ပစ်သည့် သည့် အဓိကအကြောင်းရင်းမှာ လူသားတို့၏ ပယောဂကြောင့်ဟု ဆိုနိုင်သည်။

"ပင်လယ်လိပ်တွေ မျိုးသုဉ်းရတဲ့ အခြေအနေမှာ သဘာဝပတ်ဝန်းကျင်ရာသီဥတု ပြောင်းလဲမှုကြောင့်လည်း တစ်စိတ်တစ်ဒေသ သက်ဆိုင်နေပါတယ်။ အတွေ့အကြုံအရဆိုရင် ၁၉၉၉ ခုနှစ် အောက်တိုဘာလထဲမှာ ပင်လယ်ပြင်ဟာ ရုတ်တရက် ဒီရေမြင့်တက်လာမှုကြောင့် လိပ်ကျွန်း၊ လိပ်သောင်တွေ အကုန်လုံး

လိပ်သောင်ပေါ်သို့ တက်ရောက်ဥချသော ပင်လယ်လိပ်တစ်ကောင်၏ တစ်သျှူးအသားစ နမူနာယူ၍ လေ့လာရန် ပြင်ဆင်နေစဉ်။

လိပ်သောင် လိပ်ကျွန်းများသို့ လိပ်များ တက်ရောက်သည့် ကာလ၊ အရေအတွက်တို့မှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပင်လယ်လိပ်သည် နေရာအနှံ့ ပြောင်းရွှေ့ကျက်စားလျက်ရှိရာ ပင်လယ်ရေအောက်တွင် ပေါက်ရောက်နေသည့် သဘာဝအပင်များ၏ မျိုးစိတ်ပျံ့နှံ့မှုအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသည်။

ထို့အပြင်သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပင်လယ်ဒီရေနီဖြစ်စေသော အဆိပ်အတောက်များကို ထုတ်လွှတ်ပေးသည့် မျှောလေးအုပ်စုဝင် (Dinoflagellates) များကိုလည်း စားသုံးခြင်းဖြင့် ပင်လယ်ဒီရေနီဖြစ်ပေါ်မှုကို ဟန့်တားကာကွယ်ပေးလျက်ရှိသည်။ ယင်းမျှောလေးများသည် ရေတစ်လီတာတွင် ကောင်ရေငါးသိန်းမှ သိန်း ၂၀ ခန့်အထိ ရှင်သန်ပေါက်ဖွားတတ်သည်။

အဆိုပါ မျှောလေးများကြောင့် ပင်လယ်ဒီရေနီ ဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ ဦးချိုလှအောင်က "ဒေသခံတွေရဲ့ပြောကြားချက်အရ ဟိုးအရင်တုန်းက ငပလီဘက်မှာတစ်ကြိမ်၊ ပုလဲကျွန်းဘက်မှာ တစ်ကြိမ် ပင်လယ်ဒီရေနီ ဖြစ်ပွားခဲ့တယ်လို့ သိရတယ်။ ၁၉၄၇ ခုနှစ်မှာလည်း ဖလော်ရီဒါကမ်းခြေမှာ ဒီရေနီ ဖြစ်ပေါ်မှုကြောင့် ငါးကောင်ရေ သန်းရာနဲ့ချီပြီး သေကျေခဲ့တယ်လို့ မှတ်တမ်းများအရ သိရတယ်။ ဘာကြောင့် ဒီရေနီဖြစ်ရသလဲဆိုရင် Dinoflagellates လို့ခေါ်တဲ့ မျှောလေးအုပ်စုဝင် မျိုးစိတ်နှစ်မျိုးဖြစ်တဲ့ Gynnodnium နဲ့ Gonyaulax တွေကြောင့် ဖြစ်ရတာ။ အဲဒီ မျှောလေးတွေက ထုတ်လွှတ်တဲ့ အဆိပ်အတောက်တွေကြောင့် ဒီရေနီဖြစ်တာ။ အဲဒီ အဆိပ်အတောက်တွေကြောင့် ပင်လယ်ပြင်မှာ အနီရောင်သမ်းပြီး အဲဒီပတ်ဝန်းကျင်မှာ ထိတွေ့သမျှ သတ္တဝါတွေ အကုန်သေတယ်။ သူတို့က မိနစ်ပိုင်းအတွင်းမှာကို သန်းနဲ့ချီပြီး မျိုးပွားနိုင်တယ်၊ အဲဒီ မျှောလေးတွေကို ပင်လယ်လိပ်ကလွဲပြီး ဘယ်သတ္တဝါမှ မစားနိုင်ဘူး၊ ပင်လယ်လိပ်ကပဲ စားတယ်၊ အဲဒီလို စားတဲ့အတွက် မျှောလေးတွေ အရေအတွက် လျော့နည်းသွားတယ်။ အဲဒီအတွက် ဒီရေနီဖြစ်ပေါ်ပြီး သဘာဝပတ်ဝန်းကျင်မှာ သက်ရှိတွေ သေကျေရမှုကနေ ပင်လယ်လိပ်က ကာကွယ်ပေးပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ပင်လယ်လိပ်တစ်ကောင် သားပေါက်ချိန်မှ အရွယ်ရောက် မျိုးပွားနိုင်ချိန်အထိမှာ အနည်းဆုံး နှစ် ၃၀ ခန့် ကြာရှည်ရာ ယနေ့အချိန်တွင် ကောင်ရေ လျော့နည်းကျဆင်းလာမှုကို အထူးဂရုပြု၍ ထိထိရောက်ရောက်



ပင်လယ်လိပ် ကျက်စားသွားလာရာ လမ်းကြောင်းကို ဂြိုဟ်တုမှတစ်ဆင့် ခြေရာခံ သိရှိနိုင်မည့် ထရန်စမစ်တာကို လိပ်၏ကျောကုန်းပေါ်၌ တပ်ဆင်ထားစဉ်။

လိပ်သောင်ပေါ်တွင် ထိန်းသိမ်းပြုစုပြီး ပေါက်ဖွားလာသော ပင်လယ်လိပ်ပေါက်ကလေးများကို ပင်လယ်အတွင်းသို့ လွှတ်ပေးနေစဉ်။

ငါးဖမ်းပိုက်ဟောင်းများနှင့် မြှုံးစသည့် ငါးဖမ်းကိရိယာဟောင်းများတွင် ငြိတွယ်သေဆုံးခြင်း၊ စက်မှုဖွံ့ဖြိုးသည့် နိုင်ငံများမှ စက်မှုစွန့်ပစ်ပစ္စည်းများကြောင့် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်ရာမှ ပင်လယ်လိပ်များ နေထိုင်ကျက်စားသည့် ရေပြင်များ ညစ်ညမ်းပြီး လိပ်များသေကျေ ပျက်စီးခြင်း၊ လူဦးရေတိုးပွားလာမှုကြောင့် နယ်ပယ်ချဲ့ထွင်နေထိုင်ကြရာမှ လိပ်များ တက်ရောက်ဥချသည့် လိပ်သောင်၊ လိပ်ကျွန်းများ၏ ဧရိယာ တဖြည်းဖြည်းလျော့နည်းလာခြင်း စသည်တို့ကြောင့် ပင်လယ်လိပ်များ တစ်နေ့ထက်တစ်နေ့ အရေအတွက် လျော့နည်းကျဆင်းလာပြီး မျိုးသုဉ်းမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်ကြုံတွေ့လာရခြင်းဖြစ်သည်။ ပင်လယ်လိပ်များ မျိုးသုဉ်းရှားပါးလာရ ရေဖုံးလွှမ်းသွားတယ်။ နောက်တစ်ခါ ၂၀၀၄ခုနှစ် ဒီဇင်ဘာလထဲမှာ ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီကြောင့်လည်း ထိခိုက်တာ တွေ့ရှိရပါတယ်"ဟု ဦးချိုလှအောင်က ပြောကြားသည်။

ယခင်က ပင်လယ်လိပ်များ လိပ်သောင် လိပ်ကျွန်းများပေါ်သို့ ပုံမှန်တက်ရောက် ဥချသည့် ကာလမှာ စက်တင်ဘာလမှ မတ်လအထိ ခုနစ်လရှိပြီး ယနေ့ကာလတွင်မူ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ သုံးလတာကာလသာ တက်ရောက်ဥချကြောင်း၊ တက်ရောက်သည့် လိပ်အရေအတွက်မှာလည်း ယခင်က တစ်ညလျှင် လိပ်အကောင် ၆၀ခန့် တက်ရောက် ဥချလေ့ရှိခဲ့သော်လည်း ယခုအခါတွင် တက်ရောက် ဥချသည့် လိပ်အရေအတွက်မှာ မျိုးပွားရာသီ တစ်ခုလုံးတွင်မှ ကောင်ရေ ၆၀လောက်သာ တက်ရောက်ကြောင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုများကို မပြုလုပ်ပါက နောင်ဆယ်စုနှစ် အနည်းငယ်အတွင်း ပင်လယ်လိပ်များသည် ဒိုင်နိုဆော သတ္တဝါကြီးများနည်းတူ ကမ္ဘာပေါ်မှ လုံးဝ မျိုးသုဉ်းပျောက်ကွယ်သွားကြတော့မည် ဖြစ်သည်။

ပင်လယ်လိပ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင်လည်း ပင်လယ်လိပ်သည် နိုင်ငံတစ်နိုင်ငံ၊ နေရာဒေသတစ်ခုတည်းတွင် နေထိုင်ကျက်စားခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာအနှံ့ ရေပြင်သမုဒ္ဒရာများတွင် ပြောင်းရွှေ့သွားလာ ကျက်စားလျက်ရှိရာ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ သဘာဝကို အကျိုးပြုနေသည့် ပင်လယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်မှ လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။

ဘာသာစုံပထမဆု

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ် (၃၃) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်ကကျင်းပရာ ဆဋ္ဌမတန်း ဘာသာစုံ ပထမဆုရရှိသူ မမြတ်ဆွေလှိုင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဘက်စုံပထမဆု

မင်္ဂလာဒုံမြို့နယ် အမက(၁၈)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဒုတိယတန်း ဘက်စုံ ပထမဆု ရရှိသည့် မောင်သုတအောင်မျိုးအား ကျောင်းအုပ်ဆရာကြီး ဦးသန်းဦး ဆုချီးမြှင့်စဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ဟုမ္မလင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ၈ရက်နံနက်ပိုင်းက ဟုမ္မလင်းတပ်နယ်ခန်းမတွင် နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။



စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ဟုမ္မလင်းမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထို့နောက် တိုင်းမှူးသည် ဟုမ္မလင်းမြို့နယ် အားကစားခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဟုမ္မလင်းမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌ ဦးလှထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ဟုမ္မလင်းမြို့ သမိုင်းဝင် ဆုတောင်းဦး စေတီတော်မြတ်နှင့် ရှစ်မျက်နှာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုစာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကိုကြည့်ရှုစစ်ဆေးရာကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်သင်းက လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဟုမ္မလင်းမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လမ်းသစ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းစည်ပင်သာယာရေး အဖွဲ့အင်ဂျင်နီယာမှူးကြီး ဦးမြားဒိုနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးက လမ်းသစ်မှခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ လမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ဟုမ္မလင်းမြို့နယ် ခြစည်းရိုးကြက်ဆူ ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီးတို့က ခြစည်းရိုးကြက်ဆူကိုင်းနှင့် မျိုးစေ့များအား ပျိုးထောင်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ တပျော်တပါး ခြစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်မှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

အဆိုပါ လေယာဉ်သည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)နှင့် မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံတို့၌ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၇ ရက်အထိ မြန်မာနိုင်ငံမှ မျက်စိရောဂါဝေဒနာရှင်များကို ခွဲစိတ်ကုသပေးခြင်း၊ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းသားများကို သင်တန်းပို့ချပေးခြင်း၊ မြန်မာဆေးပညာရှင်များနှင့် အတွေ့အကြုံ ဖလှယ်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၄)ရပ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် မြို့နယ် သံဃနာယက အဖွဲ့တို့ ဦးဆောင်စီစဉ်မှုတို့ဖြင့် စေတီတော် ဘက်စုံတည်ဆောက်ရေး အဖွဲ့ (ဦးစီးနာယက) ဘုန်းဆရာတော်၏ ဩဝါဒကိုခံယူ၍ စေတီတော်တွင်း၌ စည်ကားသိုက် မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **(ယာပုံ)**

ပူဇော်ဖျော်ဖြေ

ဗုဒ္ဓပူဇနီယ ပွဲတော်ရက်တွင်း၌ ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲများကို ထည့်သွင်း ဖျော်ဖြေသွားမည်ဖြစ်ရာ မတ် ၁ ရက်မှ ၃ ရက်ထိ လူရွှင်တော် ထက်ထက်နှင့် ရှဲဒိုးတို့အဖွဲ့ ပါဝင်သော ရွှေပဒေသာ ဇာတ်သဘင်အဖွဲ့ကလည်းကောင်း၊ မတ် ၄ ရက်မှ ၈ ရက်ထိ မိုးမင်းဇာတ်သဘင်အဖွဲ့ကလည်းကောင်း၊ မတ် ၉ ရက်ညတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်း အငြိမ်နှင့်အတူ လူရွှင်တော် မိုးဒီအဖွဲ့တို့ ပါဝင်ပြီး ဗုဒ္ဓပူဇနီယပွဲကို ပူဇော်ဖျော်ဖြေကြမည်ဟု သတင်းရရှိသည်။ (၅၀၆)

မဟာစည် ထာဝရဆွမ်းပဒေသာပင် အပင် ၅၀၀၀ ပြည့် ရေစက်ချလှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၂၆၊ ၂၇၊ ၂၈၊ ၂၉)နှင့် အကြိမ် (၃၀)မြောက် ဆွမ်းပဒေသာပင် အပင် ၅၀၀၀ ပြည့် ရေစက်ချလှူဒါန်းပွဲကို မတ် ၈ ရက် (စနေနေ့)၊ (၁၃၆၉ခုနှစ် တပေါင်းလဆန်း ၂ ရက်) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ မဟာစည်ယောဂီ၊ ရဟန်းရှင်လူ၊ ဒါယကာ၊ ဒါယိကာမများနှင့် ကောင်းမှုရှင်အပေါင်းတို့အား ကြည်ညိုသဒ္ဓါပွားများရန်နှင့် ရေစက်ချတရားနာကြားရန် ကြွရောက်ပါမည့်အကြောင်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၁၅	၂။	**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (ရူပဗေဒ)
၄း၄၅	၄။	၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၁၅	၅။	အကပဒေသာ
၅း၂၅	၆။	**"စက်မှုဇုန်မှာ ကျွန်မစက်ရုံ လာတည်တော့မယ်" [ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]**
၅း၃၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅း၄၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၀	၁၂။	တေးဂီတအစီအစဉ်
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ် ချစ်တယ်" (အပိုင်း-၂)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှင်ပြိုင်" (အပိုင်း-၆)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးဉာဏ်ဝင်း ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် ဒေါက်တာ မူဟာမက် အယ်ဆာဘား အယ်ဆယ်လမ် အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

သတ္တမအကြိမ် ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆု ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မဟာသာသန ဝေပုလ္လကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ စိုက်ထူလှူဒါန်းတော်မူခဲ့သော ငွေပဒေသာပင် ရန်ပုံငွေမှ သတ္တမအကြိမ် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမ ကျိုက်ပိကျောင်း ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏသနထံမှ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ မဟာသာသန ဝေပုလ္လကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မတိဏ္ဏက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုရ သံဃာတော် ခုနစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် လေးပါး၊ လူပုဂ္ဂိုလ် သုံးဦးနှင့် ကျောင်းသား တစ်ဦးတို့အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများကို ဆက်ကပ်လှူဒါန်း ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ရန်ပုံငွေအတွက် အလှူရှင် ၁၆ ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၄၂၃၀၀၀ တို့ကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး ဖေဖေ ဦးကြီးစိန်-မေမေ ဒေါ်တင်လှတို့အား ရည်စူး၍ သမီးဖြစ်သူ တွံတေးမြို့ ကွမ်းခြံအနောက်ပိုင်း၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်သန်းရီက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာရှေ့ တရားဟောပလ္လင် အဆောက်အအုံအတွက် ငွေကျပ် ဆယ်သိန်း လှူဒါန်းရာ ရိပ်သာအတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (၃၄၂)

ဝိသုံဂါမ သုံးထပ်သိမ်တော် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မိုးကုတ်အဖွဲ့ခွဲ (၁၂၅) မနောသုခကျောင်းတိုက် (၄)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်တွင် ကျပ်သိန်းတစ်ထောင်ခန့် ကုန်ကျမည့် သိမ်တော်ကြီးကို စတင်အုတ်မြစ်ချပြီးဖြစ်ရာ ပါဝင်လှူဒါန်းလိုသော စေတနာရှင်များသည် (RC) သိမ်တိုင် တစ်လုံးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ဘဒ္ဒန္တပရမ ဖုန်း-၀၉-၅၁၀၅၅၈၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

သွင်းကုန်အစားထိုး ဖိုင်ဘာဂလပ်စ် ထုတ်ကုန်ပစ္စည်းသစ်များ

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ–အောင်အောင်

ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာရရှိရေးနှင့် ပြည်တွင်း၌ နည်းပညာ ပြန့်ပွားရေး၊ နိုင်ငံတော်၏ အရင်းအမြစ်နှင့် ကုန်ကြမ်းများကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်တင်ပို့ရောင်းချရေး၊ ပြည်ပ သွင်းကုန် အစားထိုးပြီး နိုင်ငံခြားငွေ သုံးစွဲရမှု သက်သာစေရေးနှင့် ယင်းငွေကြေးကို စက်မှုလက်မှု လုပ်ငန်းသစ်များ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး ရည်မှန်းချက်များဖြင့် အားထုတ်ကြိုးပမ်းနေသော စက်မှုလက်မှုလုပ်ငန်းများသည် ယခုအခါ အရှိန်အဟုန်ဖြင့် တိုးတက်လျက် ရှိနေသည်။

အထူးသဖြင့် နိုင်ငံတော်က ဖွဲ့စည်းထူထောင်ပေးထားသော စက်မှုဇုန်များမှစက်မှုလုပ်ငန်းရှင်များသည်နိုင်ငံတော်၏ အရင်းအမြစ်နှင့် ကုန်ကြမ်းများကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြှင့် ကုန်ချောများ ထုတ်လုပ်တင်ပို့ ရောင်းချနေကြသကဲ့သို့ နည်းပညာရရှိရေးနှင့် ပြည်တွင်း၌ နည်းပညာပြန့်ပွား ရေးတို့ကို အားထုတ်ကြိုးပမ်း ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပေသည်။

ယင်းသို့ နည်းပညာများရယူပြီး ပြည်တွင်း၌ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများ အများအပြား ထုတ်လုပ်နေကြသည်များအနက် လှိုင်သာယာစက်မှုမြို့မှ ငွေခြသေ့ ဖိုင်ဘာဂလပ်စ်စက်ရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဖိုင်ဘာဂလပ်စ်ဖြင့် ပြုလုပ်ထားသည့် ရွှေ့ပြောင်းနိုင်သော သန့်စင်ခန်း။

ငွေခြသေ့စက်မှုကုမ္ပဏီသည် ၁၉၉၈ခုနှစ်မှစပြီး မြန်မာနိုင်ငံတွင် ဖိုင်ဘာဂလပ်စ်ပစ္စည်း ပထမဦးဆုံး ထုတ်လုပ်ခဲ့သည့် ကုမ္ပဏီဖြစ်ပြီး လှိုင်သာယာစက်မှုမြို့ စက်မှုဇုန် အပိုင်း(၂) ဖန်ချက်ဝန် ဦးရွှေအိုးလမ်းတွင် တည်ရှိသည်။

စက်ရုံမှ ငွေခြသေ့ ဖိုင်ဘာဂလပ်စ် (FRP) ရေတိုင်ကီများကို ၄၆ဂါလန်ဆံ့မှ ဂါလန် ၆၀၀ ဆံ့အထိ အမျိုးအစားပေါင်း ၂၀ကျော် ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ ငွေခြသေ့ဖိုင်ဘာဂလပ်စ် ရေတိုင်ကီများမှာ နှစ် ၃၀ အသုံးပြုနိုင်ကြောင်း အာမခံချက်ပေးထားသည်ဟုလည်း သိရသည်။

ရေတိုင်ကီများသည် ကမ္ဘာ့အဆင့်အတန်းမီ၊ အရည်အသွေးမီ၊ ကုန်ကြမ်းများအား ခေတ်မီနည်းပညာများရယူကာ ပြည်တွင်း၌ နည်းပညာ ပြန့်ပွားပြီး ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် နှစ်ပေါင်းကြာရှည်စွာ အသုံးပြုနိုင်ခြင်း၊ ဓာတုဗေဒ ဒဏ်ခံနိုင်ခြင်း၊ သံချေး လုံးဝမတက်ခြင်း၊ လုပသေသပ်သော အဖုံးပါရှိသဖြင့် ဖုန်နှင့် အမှိုက်သရိုက်များ အလွယ်တကူ မဝင်ရောက်နိုင်ခြင်း၊ ပေါ့ပါးခိုင်ခံ့ပြီး လွယ်ကူစွာ သယ်ယူနိုင်ခြင်း၊ နေပူ၌

ရေအလွန်မပူခြင်း စသည့် အရည်အသွေးများနှင့် ပြည့်စုံမှုကြောင့် သုံးစွဲသူများ အကြိုက်တွေ့ကာ ဈေးကွက်တွင် နေရာ ရလျက်ရှိသည်ကို သတိထားမိသည်။

ဖိုင်ဘာဂလပ်စ်(FRP)ရေတိုင်ကီများသည် ရေသိုလှောင်ရန်အတွက်သာ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဓာတုဗေဒပစ္စည်းများ ထည့်သွင်းသိုလှောင်လိုပါက သီးခြားမှာယူရမှာဖြစ်ကြောင်း စက်ရုံမှူး ဦးလှစိန်က ရှင်းပြသည်။

ထို့ပြင် ငွေခြသေ့ ဖိုင်ဘာဂလပ်စ်စက်ရုံမှ ရေတိုင်ကီများအပြင် ဖိုင်ဘာဂလက်စ်လှေများလည်း ထုတ်လုပ်နေကြောင်း သိရသည်။ အပျော်စီးလှေအရွယ်အစားအမျိုးမျိုး၊ အထွေထွေသုံးလှေ အရွယ်အစားအမျိုးမျိုး၊ စပိဘုတ် (စတီးတန်းနှင့်ထိုင်ခုံ)၊ ဘောက်တူအသေး၊ ပဲ့ထောင်အမျိုးမျိုးနှင့် စည်ပင်လှေများလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက် ရှိကြောင်း သိရသည်။

ဖိုင်ဘာဂလပ်စ် ထိုင်ခုံအမျိုးမျိုးကို အရောင်အသွေးစုံ ထုတ်လုပ်ထားရာ မိမိအလိုရှိသည့် အသွေးအရောင်ကို ရွေးချယ်ဝယ်ယူ ရရှိနိုင်ကြောင်း သိရသည်။

ငွေခြသေ့မှ ဖိုင်ဘာဂလပ်စ် အမိုးပြားများ ထုတ်လုပ်ထားသည်ကိုလည်း တွေ့ရသည်။ အလင်းပေါက်များဖြစ်ပြီး ၅ လိုင်း၊ ၉ လိုင်းနှင့် ၁၁ လိုင်းဟူ၍ ဒီဇိုင်းသုံးမျိုး ထုတ်လုပ်ထားသည်။ အနံမှာ သွပ်အနံအတိုင်း ဖြစ်ပြီး အရှည်မှာ ၂၄ ပေထိ ရရှိနိုင်ကြောင်း သိရသည်။

အလှပြင်ဆိုင်များတွင် သုံးနိုင်မည့် ခေါင်းလျှော်ခုံများ တီထွင်ထုတ်လုပ်နေကြောင်း စက်ရုံမှူးက ပြောပြသည်။ ခေါင်းလျှော်ခုံမှာ ဖိုင်ဘာဂလပ်စ်ဖြင့် ပြုလုပ်ထားသည်။ ခေါင်းလျှော်ခံသူက ပက်လက်အနေအထားမျိုး မဟုတ်ဘဲ

သစ်သားနေရာတွင် အစားထိုးပြုလုပ်ထားသည့် ဖိုင်ဘာဂလပ်စ်လှေ။

သွားစိုက်ခုံကဲ့သို့ စီမံဖန်တီးထုတ်လုပ်ထားသည်။ ခေါင်းလျှော်ခုံကို မကြာမီ ဈေးကွက်အတွင်း ဖြန့်ချိသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

ငွေခြသေ့ ဖိုင်ဘာဂလပ်စ်စက်ရုံတွင် မြို့တော်စည်ပင်သာယာသုံးအမှိုက်ပုံးများ ထုတ်လုပ်နေသည်ကို တွေ့ရသည်။ အမှိုက်ပုံးများမှာ သုံးပေကျော်ခန့်မြင့်ပြီး၊ အစိမ်းရောင်များဖြစ်သည်။ အဖုံးပါသည်။ ဘီးနှစ်ဘီးပါသည်။ အပေါ်ကား၊ အောက်ရှူးပုံဖြစ်သည်။ ထိုအမှိုက်ပုံးများမှာ လမ်းမပေါ်တွင် သာမက ကျောင်းများ၊ ရုံးများ၊ ကုမ္ပဏီများ၊

လေးယောက်ထိုင် ခုံတန်း (ကျောမှီ)နှင့် စားပွဲဝိုင်းပါ လေးယောက်ထိုင်ခုံ (ကျောမှီ)။

ဆေးရုံများ၊ ရုပ်ရှင်ရုံများ၊ ဘူတာရုံများ စသည့် အများပြည်သူတို့နှင့် သက်ဆိုင်သည့်နေရာများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

ဖိုင်ဘာဂလပ်စ် လူသုံးပစ္စည်းများ အနက် နောက်တစ်မျိုးမှာ သန့်စင်ခန်းများဖြစ်သည်။ သန့်စင်ခန်းများသည် နှစ်ပေခွဲ ပတ်လည်ခန့် ကျယ်ဝန်းပြီး ခုနစ်ပေခန့်မြင့်သည်။

အောက်ခြေတွင် ဆားဗစ်ကျင်းတွဲထားသည်။ ဆားဗစ်ကျင်းထဲမှ ပစ္စည်းများ ဖောက်ထုတ်နိုင်အောင်လည်း စီမံထားသည်။ ရေလောင်းစနစ်ဖြစ်သည်။ ရိုးရိုးနှင့် ဘိုထိုင်နှစ်မျိုးထုတ်လုပ်ထားသည်။ အလွယ်တကူ ရွှေ့ပြောင်းနိုင်သဖြင့် ယာယီသန့်စင်ခန်းများအဖြစ် အသုံးပြုရန် အထူးသင့်လျော်ကြောင်း စက်ရုံမှူးက ရှင်းပြသည်။

ငွေခြသေ့ ဖိုင်ဘာဂလပ်စ် ထုတ်ကုန်ပစ္စည်းများကို အသုံးပြုသူများ လွယ်လင့်တကူ ဆက်သွယ်ဝယ်ယူနိုင်ရန် ဖိုင်ဘာကင်းမှ(အလုံကမ်းနားလမ်း၊ သီရိမင်္ဂလာဥယျာဉ်နှင့် အမှတ်–၂၅၊ ရွှေတိဂုံဘုရားလမ်းတို့မှာ)အရောင်းပြခန်းများ ဖွင့်လှစ်ထားပြီး ရန်ကုန်အပါအဝင် အမြို့မြို့ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်အောင် စီမံထားကြောင်း စက်ရုံမှူးက ရှင်းပြသည်။

နိုင်ငံတော်က စုစည်းထူထောင်ပေးထားသည့် စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းရှင်များသည် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေ တိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးနှင့် နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာများ ရယူပြီး သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ကာ မြန်မာ့စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်လျက် ရှိကြကြောင်း ရေးသားတင်ပြရပါသည်။ ။

အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ထားရှိနိုင်သည့် ဘီးနှင့် အဖုံးပါ ဖိုင်ဘာဂလပ်စ် အမှိုက်ပုံးများ။

အမက(၄၅)သာကေတ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင့်က ငါးနှစ်ဆက်တိုက် ပညာရည်ထူးချွန်ဆုရရှိသူ မောင်ဇေထက်ပိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅–၂–၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ပုံရိပ်ပမာ (အပိုင်း–၇၅)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သိမ်းငှက်သူ့ရဲကောင်း(ဒုတွဲ) (အပိုင်း–၃၅)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ငါးထပ်ကြီးဘုရား သံစောင်းတန်း နတ်လမ်းအသစ် တည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် သမိုင်းဝင်တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တော်မူသော မဟာသကျအတုလ မာရ်အောင် ဘွဲ့ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား ကားလမ်းအထက်ပိုင်း နတ်လမ်းစောင်းတန်း တော်ကြီးကို သံထည်၊သွပ်၊အမိုးတို့ဖြင့် အသစ်တစ်ဖန်ပြန်လည်တည်ဆောက်လျက်ရှိသည်။ ၎င်းနတ်လမ်း စောင်းတန်းတော်ကြီးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုသော အလှူရှင်များသည် ဆရာတော်ကျောင်း ဖုန်း ၀၁-၅၅၄၀၅၇ နှင့် ဂေါပကရုံးခန်း ဖုန်း ၀၁-၅၄၂၁၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ကုန်းသာကြီး ကျေးရွာအုပ်စု ကြံလဟာကျေးရွာ၌ ဇန်နဝါရီ ၂၂ရက်က လင်းရောင်ခြည် အမှတ်(၁) စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ အလှူရှင် ရန်ကုန်မြို့ မဟာစည်ရိပ်သာ နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပါဠိပါရဂူ ပုသိမ်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာသဘနှင့် တာဝန်ရှိသူတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဉ္ဇူမမ္ဘရိပ်သာ ကျောင်းတိုက်၌ တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် ကွယ်လွန်သူ ဦးဝင်းနိုင် (ဘုရင့်နောင်ဈေး)အားရည်စူး၍ ဒေါ်မြမြရွှေ စမ်းချောင်း မြေနီကုန်း ရတနာလမ်းမိသားစုက ရွှေပြည်သာရှိ မြေကွက်တစ်ကွက်နှင့် ကျပ်တစ်သိန်းကို ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းတော်ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြသန်း လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျောင်းကုန်းလမ်းနေ ကွယ်လွန်သူ ဦးတင်အောင်(ပညာရောင်ခြည်စာပေ)အားရည်စူး၍ ဇနီး ဒေါ်ခင်နု မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင် လက်ခံယူစဉ်။ (က-ပ)

မဟာအောင်မြေရွှေဘုံသာ စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာ ဖိတ်ကြားလွှာ

မန္တလေးတိုင်း၊ပျော်ဘွယ်မြို့နယ်၊မအူတောကျေးရွာ၌ ၁၃၁၀ပြည့်နှစ်တွင် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ တည်ထားကိုးကွယ်ခဲ့သော စေတီတော်မြတ်ကြီးကို ၁၃၆၇ခုနှစ်တွင် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိ ဦးဆောင်၍ အကျိုးတော်ဆောင်အဖွဲ့ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းရီ၊ ဦးကိုလေး၊ ဦးအောင်မင်း၊ ဦးဇော်ဝင်းထွန်းတို့နှင့်ကျေးရွာသူ၊ ကျေးရွာသားများက အများပေါင်းစုမြတ်ကောင်းမှုကုသိုလ်အဖြစ် ဘက်စုံစုပေါင်း ပြန်လည်ပြုပြင်ခဲ့ရာ ယခုအခါ ၎င်းစေတီတော်မြတ်ကြီးနှင့်တကွ အရံစေတီလေးဆူ၊ ပြာသာဒ်လေးမုခ်၊ တံခွန်တိုင်စေတီလေးဆူနှင့်တကွ မဟာရံတံတိုင်းများ၊ ရင်ပြင်တော်များ အသစ်ပြုပြင်ပြီးစီးခဲ့ပြီဖြစ်ရာ ၇-၃-၂၀၀၈(သောကြာနေ့)တွင် ရွှေထီးတော်တင်မင်္ဂလာ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး၊ရပ်နီးနေ ဒါယကာ၊ ဒါယိကာမများ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြည်ညိုသဒ္ဓါပွားနိုင်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

အစီအစဉ်

၁၃၆၉ခုနှစ်၊ တပို့တွဲလပြည့်ကျော်၁၄ရက်နေ့ (၆-၃-၂၀၀၈) မွန်းလွဲပိုင်းတွင် ထီးတော်ပင့်ဆောင်ခြင်းမင်္ဂလာအခမ်းအနား

တပေါင်းလဆန်း(၁)ရက်နေ့ (၇-၃-၂၀၀၈) နံနက်ပိုင်းတွင် ထီးတော်တင်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနား

၎င်းနေ့ မွန်းလွဲပိုင်းတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်ချအခမ်းအနား

၎င်းနေ့ ညဦးပိုင်းတွင် ထီးတော်တင်အောင်ပွဲ အထိမ်းအမှတ် တရားချီးမြှင့်ပွဲအခမ်းအနား

တပေါင်းလဆန်း ၂၊ ၃ ရက် (၈-၃-၂၀၀၈၊ ၉-၃-၂၀၀၈)နေ့ ညများတွင် စိန်ရတနာဇာတ်ပွဲဖြင့် ဧည့်ခံဖျော်ဖြေပါမည်။

ဆက်သွယ်ရန်-

ဦးကိုလေး ဖုန်း-၅၁၈၅၇၇၃ အကျိုးတော်ဆောင်အဖွဲ့နှင့်
ဦးအောင်မင်း ဖုန်း - ၅၁၆၃၃၃၄

ကျေးရွာသူ၊ ကျေးရွာသားများ၊ မအူတောကျေးရွာ

TOYO အမှတ်တံဆိပ် ဘက်ထရီအရောင်းကိုယ်စားလှယ်အား ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခု ဖြစ်သည့် ISO 9001: 2000(QMS) လက်မှတ်ရ Proven Technology Industry Co., Ltd. ၏အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးအတွင်းရှိ Western Park Royal Restaurant၌ ကျင်းပရာ အစီအစဉ်အရ Proven Technology Industry Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုယိုဘက်ထရီ၏ အရည်အသွေးနှင့် ပတ်သက်၍ လည်းကောင်း၊ အီတလီနည်းပညာဖြင့်အသစ်ထပ်မံထုတ်လုပ်သည့် (Tubular) ကျူပလာဘက်ထရီ၏ အရည်အသွေးနှင့် ပတ်သက်၍ လည်းကောင်း ရှင်လင်းပြောကြားသည်။ ယင်းနောက် ၂၀၀၇ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး တိုယိုဘက်ထရီ အများဆုံး ရောင်းချနိုင်သော အရောင်းကိုယ်စားလှယ်များအားဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

တိုယိုဘက်ထရီကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီမှ မြန်မာနိုင်ငံရွှေပြည်သာစက်မှုဇုန်တွင် စက်ရုံတည်ဆောက်ကာ ၁၉၉၅ ခုနှစ်မှ စတင်ထုတ်လုပ်ပြီး ISO စံချိန်စံညွှန်းနှင့်အညီ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ ထုတ်လုပ်သည့် ဘက်ထရီအမျိုးအစားများမှာ N 20, N 40ZL, N 50ZL, N 70 L, N 70ZL, N-100, N-120, N-150, N-200တို့အပြင် မီးရထားစက်ခေါင်းနှိုးဘက်ထရီ၊ မီးရထားတွဲသုံး ဘက်ထရီ၊ ဂေါက်ကွင်းကားသုံး ဘက်ထရီ၊ ငါးဖမ်းစက်လှေ၊ စက်လှေကား၊ ဓာတ်လှေကားအစရှိသည့်Industry (Stand By)ဘက်ထရီများကိုအထူးထုတ်လုပ်ရောင်းချလျက်ရှိသည်။

ပြည်တွင်းဖြစ် ဖြစ်သော်လည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားသောကြောင့် သုံးစွဲသူများ သိရှိသဘောကျ နှစ်သက်ကြပြီး ယခုအခါ သုံးစွဲသူများ၏ အကျိုးကို ရှေးရှု၍ လက်ရှိထုတ်လုပ်နေသော ဘက်ထရီထက် သက်တမ်း တစ်ဆကျော် ပိုမိုခံနိုင်မည့် ကျူပလာဘက်ထရီကို ထုတ်လုပ်ရန်ပြင်ဆင်လျက်ရှိရာ ယခုနှစ်အတွင်း ဈေးကွက်သို့ရောင်းချပေးနိုင်မည် ဖြစ်သည်။

တိုယိုဘက်ထရီအား ရန်ကုန်မြို့၌ F/S-14၊ ရွှေစံပယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ကမာရွတ်မြို့နယ် ဖုန်း-၇၀၇၁၃၉၊ ၇၀၇၂၀၊ ၅၂၇၆၆၇ နှင့် မန္တလေးမြို့၌ အမှတ် (၁၁၄)၊ ၈၄လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ မန္တလေးမြို့ ဖုန်း-၇၂၃၃၀၈ တို့မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

Proven Technology Industry Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ကားလင်းဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ စပါးစ်က ချယ်လ်ဆီးကို အနိုင်ရဗိုလ်စွဲ

လန်ဒန် ဖေဖော်ဝါရီ ၂၄

ကားလင်းဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပရီမီယာလိဂ်ပွဲစဉ်ဇယား၌ တတိယနေရာ၌ရှိနေသည့် ချယ်လ်ဆီးအသင်းနှင့် အဆင့်(၁၁)နေရာ၌ရှိနေသည့် တော့တင်ဟမ်ဟော့စပါးစ်တို့ လန်ဒန်မြို့ ဝင်ဘလေကွင်းကြီး၌ ယနေ့ယှဉ်ပြိုင်ကစားကြရာ တော့တင်ဟမ်ဟော့စပါးစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကားလင်းဖလားကြီးကို ဆွတ်ခူးသွားသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ကားလင်းဖလား သုံးခုအနက် လက်ဝယ်ပိုင်ပိုင်ရရှိနိုင်မည့် ကားလင်းဖလားကို လက်လွှတ်လိုက်ရပြီဖြစ်သည်။ ချယ်လ်ဆီးသည် ကားလင်းဖလား လက်ရှိချန်ပီယံဖြစ်သည်။

တိုက်စစ်မှူး ဒရော့ဘာ ပထမပိုင်း၌ သွင်းယူသော ဖရီးကစ်တစ်ဂိုးဖြင့် ချယ်လ်ဆီးကဦးဆောင်ကစားခဲ့သော်လည်း ပယ်နယ်တီပြန်ပေးလိုက်ရ၍ တစ်ဂိုးစီဖြင့် သရေဖြစ်နေသည်။ ပယ်နယ်တီကို ဘာဘာတော့ဗ်က အေးဆေးသက်သာစွာ ကန်သွင်းယူခဲ့သည်။ မိနစ် ၉၀ပြည့်သည်အချိန်အထိ တစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုကစားရာ အချိန်ပိုတွင် စပါးစ်အတွက်အနိုင်ဂိုးကို ဝုဒ်ဂိတ်က ချယ်လ်ဆီးဂိုးသမားနှင့်ယှဉ်ပြိုင်ခုန်၍ ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဦးမောင်မောင်(ရွှေစံအိမ်) စာစီစာကုံးဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပခဲ့သည့် ဦးမောင်မောင်(ရွှေစံအိမ်) စာစီစာကုံးစာပေဆုနှင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၉နာရီက အမှတ် (၆)ရပ်ကွက် ဇေယျဝတီစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆုလေးဆု၊ အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုလေးဆု ရရှိသူများအား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ညို(ခင်မောင်ညို-ဘောဂဗေဒ) **(ယာပုံ)၊** အလှူရှင် ဦးမောင်မောင်(ရွှေစံအိမ်)နှင့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း (မောင်သက်အောင်) အပါအဝင် တာဝန်ရှိသူများကဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။

(၄၅)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

၂၄-၂-၂၀၀၈

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

နဝမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံ

၂၀၀၈ ခုနှစ်၊ မတ်လ (၁)ရက်

အစည်းအဝေးခန်းမ

ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဓာတ်ငွေ့သုံးတာဘိုင်စက် အသစ်လဲလှယ်တပ်ဆင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့တွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံသို့ သွားရောက်ပြီး စက်စွမ်းအားပြည့် လည်ပတ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့သုံး အမှတ်(၃) တာဘိုင်စက်၏ Turbine Rotor အသစ်လဲလှယ် တပ်ဆင်ခြင်းနှင့် စက်ကြွခိုင်မှု ရှိရေးအတွက် ကျွမ်းကျင်လုပ်သားများဖြင့် တပ်ဆင်ဆောင်ရွက် နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေး ငွေ့သုံး ဓာတ်အားပေးစက်ရုံများဌာန အင်ဂျင်နီယာ ချုပ် ဦးသန်းလွင်နှင့် စက်ရုံမှူး ဦးသန်းနိုင်ဦးတို့က စက်ရုံတွင် သဘာဝဓာတ်ငွေ့သုံး တာဘိုင်စက် အမှတ်(၃)အား အကြီးစားပြုပြင်ခြင်းနှင့် Turbine Rotor အသစ် အစားထိုးတပ်ဆင်ခြင်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေး သည်။

ဆက်လက်၍ ဝန်ကြီးသည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပို့ဆောင်တပ်ဆင် အသုံးပြုမည့် Cummins အမျိုးအစား 1000KVA ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အလုံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် Turbine Rotor အသစ် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

အောဘစ် မျက်စိကုလေယာဉ် ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် Orbis International တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Orbis International မှ Executive Director Mr. Geoffrey Holland နှင့် Flying Hospital မှ Director Mr. Erwin Timmerman တို့ ဦးဆောင်သော အဖွဲ့ဝင် ၂၉ ဦးပါ Orbis International မျက်စိကုလေယာဉ်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)သို့ ရောက်ရှိလာရာ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းဝေ၊ မျက်စိရောဂါ အထူးကုဆရာဝန်ကြီး တွဲဖက် ပါမောက္ခ ဒေါက်တာရဲလွင်နှင့် မျက်စိအထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက် ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား